# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၆)ရက် ၊ အင်္ဂါနေ့ ၊ (4-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ထိုင်းနိုင်ငံအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်ပြီး စီးပွားရေးဖိုရမ်သို့ တက်ရောက်သွားရန်ရှိပါသည်။

ခရီးစဉ်အတွင်း မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။ (သတင်းစဉ်)

---

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၁၆

**လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် ဝန်မြစ်ရေကာတာကျိုးပေါက်၍ လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၀

---

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။


တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊နိုင်ငံတော်တည်ငြိမ်ရေး၊

စာမျက်နှာ ၂၁ ကော်လံ ၄



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

---




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၄ ရက်မှ ၆ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ◆

## လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်
အယ်ဒီတာ့အာဘော်

# ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့တိုက်ကျွေးစို့

လူသားတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အစားအစာကို စားသုံးကြရာတွင် ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်ဖွံ့ဖြိုးရေးနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုအတွက် အာဟာရပြည့်ပြည့်ဝဝရရှိရေးတို့လိုအပ်ပေသည်။ အာဟာရသည် ကျန်းမာခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ စွမ်းဆောင်မှုများတိုးတက်စေရန် ငယ်ရွယ်စဉ်မှစ၍ အာဟာရပြည့်ဝစွာ စားသုံးရန် အရေးကြီးသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်သူများ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုသိရှိပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နှစ်စဉ်ဩဂုတ်လရောက်တိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ချမှတ်ဆောင်ရွက်လေ့ရှိသည်။ ထိုသို့ချမှတ်ရာတွင် ဩဂုတ်လပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို အသက်(၅)နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ထားသည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအနက် ယခုဩဂုတ်လပထမပတ်သည် မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်ဖြစ်သည်။ မိခင်နို့ရည်သည် ရင်သွေးငယ်ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးအာဟာရဖြစ်သည်။ မိခင်နို့ရည်သည် မွေးဖွားပြီးပထမခြောက်လအတွင်း ရင်သွေးငယ်လိုအပ်သည့် တစ်ခုတည်းသောအာဟာရဖြစ်သည်။ ရင်သွေးငယ်အတွက် အစာကြေလွယ်ကာ အာဟာရဓာတ်များ လျင်မြန်စွာပေးနိုင်သည်။ ထို့ကြောင့် မွေးဖွားပြီး တစ်နာရီအတွင်း အာဟာရဓာတ်ကြွယ်ဝသော နို့ဦးရည်ကိုစောနိုင်သမျှ စောစောတိုက်သင့်သည်။ ကလေးမွေးဖွားပြီး ခြောက်လထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ရန်လိုသည်။ မိခင်နို့တွင် ရေဓာတ်အများအပြားပါဝင်သည်။ ရင်သွေးငယ်နို့ဆာသည့်အခါတိုင်း တိုက်ပေးသင့်သည်။ မိခင်နို့တွင် အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အလုံအလောက်ပါဝင်သည်။ မိခင်နို့သည် ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှရင်သွေးကိုပေးသည့် ပထမဆုံးနှင့် တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့်ရင်သွေးငယ်တို့ကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

အထူးသဖြင့် ရင်သွေးငယ်များကို မွေးစမှအသက်ခြောက်လထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်နှင့် ကလေးအသက်ခြောက်လပြည့်သည့်အချိန်မှစ၍ သင့်လျော်သောဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက် နှစ်နှစ်ထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားရာ မိခင်တိုင်းက ရင်သွေးကို ကျန်းမာကြံ့ခိုင်ပြီး ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြည့်ဝသော နိုင်ငံသားကောင်းရတနာဖြစ်စေရေး မိခင်နို့စနစ်တကျတိုက်ကျွေးမှုကို ပိုမိုမြှင့်တင်ဝိုင်းဝန်းဆောင်ရွက်သွားသင့်ပေသည်။ ငယ်စဉ်ကတည်းက အာဟာရပြည့်ဝစွာ စနစ်တကျကျွေးမွေးပြုစုထားသည့် ရင်သွေးငယ်သည် ကျောင်းနေစဉ်တွင်လည်း ပညာထူးချွန်သကဲ့သို့ အရွယ်ရောက်လာပါကလည်း မိမိအတွက် မိသားစုအတွက်သာမက နိုင်ငံတော်အတွက်၊ လူ့ဘောင်လောကအတွက် အကျိုးရှိစေမည်ဖြစ်သည်။

ထို့ကြောင့် ဩဂုတ်လပထမပတ်၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်သည် မိခင်နို့တိုက်ကျွေးခြင်း၏အရေးပါမှုကို အလေးပေးထားခြင်းဖြစ်ပြီး မိခင်နို့သည် ရင်သွေးငယ်များ အာဟာရပြည့်ဝရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ထက်မြက်ရေးတို့အတွက် မိခင်နို့စနစ်တကျတိုက်ကျွေးမှုကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၂၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲစင်းငုံ ၂၀၂၀၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၁၉၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းဌေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၄၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးခြောက် ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ကျောင်းကုန်းမြို့နယ်က ထွက်တဲ့ ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းတော့ အမှာကုန်တွေ များနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းဌေးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ရွာသစ်ကလေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မလှိုင် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အကြောင်းအရာတို့ကို ရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ အစည်းအဝေးသို့တက်ရောက်လာသည့်ကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ကိုးဦးကိုရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရွာသစ်ကလေးကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၁၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကြက်မောက်ကျေးရွာအုပ်စု ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချမ်းသာကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၆ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေး ပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကံချိုင်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၉၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို ရန်ပုံငွေကျပ် ၅၉၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၇၄၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၇၄၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် စပါး ၈၁၆၇၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၄၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ စပါးဧက ၈၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ အချိန်မီစိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် ဆေးအိုးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆေးအိုးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဆေးအိုးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ၅၀၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို ရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆင်းသုခစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပြင် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ဆင်းသုခစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်က ဆန်စပါးတွေနဲ့ အခြားလယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ဆင်းသုခစပါး အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အဲဒီဆင်းသုခစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ဆင်းသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ကမ်းလှမ်းမှုတွေ ရှိနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆင်းသုခစပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၃)

ပါမောက္ခကိုကိုအောင်




**Fat-soluble vitamins such as Vitamin A, Vitamin D, Vitamin E, and Vitamin K can be stored in the body. Therefore, if they accumulate excessively, the risk of toxicity becomes high.**

**Prof. Ko Ko Aung**

**ဗီတာမင်လွန်ကဲခြင်း၏ လက္ခဏာများနှင့် ရေရှည်ဆိုးကျိုးများ**

ဗီတာမင်ပါဝင်သည့် အစားအစာများကို လိုအပ်သည်ထက် ပိုမိုလွန်ကဲစွာ စားသုံးခြင်းနှင့် ဗီတာမင်ဖြည့်စွက်ဆေးများကို လွန်လွန်ကဲကဲ သောက်သုံးမိခြင်းတို့ကလည်း ခန္ဓာကိုယ်အတွက် မလိုလားအပ်သောလက္ခဏာများ ပေါ်ပေါက်လာနိုင်ပြီး အချို့သော ဗီတာမင်လွန်ကဲမှုများက ရေရှည်အတွက်ပါ ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည်။

ဗီတာမင်အမျိုးအစားအလိုက် လွန်ကဲမှု၏ လက္ခဏာများကို အောက်တွင် လေ့လာနိုင်သည်။

**ဗီတာမင် A( Retinol)လွန်ကဲမှု**

ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အန်ခြင်း၊ မူးဝေခြင်း၊ အမြင်ဝေဝါးခြင်း သို့တည်းမဟုတ် နှစ်ထပ်မြင်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် ကြွက်သားများ နာကျင်ကိုက်ခဲခြင်း စသည်တို့ကို ကြုံတွေ့ခံစားရနိုင်သည်။ နာတာရှည်ဆိုးကျိုးအနေဖြင့်မူ အသည်းပျက်စီးခြင်း၊ အရိုးများနာကျင်ကိုက်ခဲပြီး အရိုးပွရောဂါဖြစ်နိုင်ခြေမြင့်တက်ခြင်း၊ ဗီတာမင် A အဆိပ်သင့်ခြင်းကြောင့် သတိလစ်ခြင်းများထိ ဖြစ်ပွားနိုင်သည်။

**ဗီတာမင် B1(Thiamine)လွန်ကဲမှု**

ဗီတာမင် B1 သည် ရေတွင် ပျော်ဝင်နိုင်သောကြောင့် ဆီးထဲမှတစ်ဆင့် လွယ်လင့်တကူစွန့်ထုတ်နိုင်သည့်အားလျော်စွာ ဗီတာမင် B1 အဆိပ်သင့်ခြင်း (Toxicity)မျိုးက အလွန်ရှားပါးသည်။

ဗီတာမင် B1 အားဖြည့်ဆေးကို ထိုးသွင်းရာတွင် ဓာတ်မတည့်မှုဖြစ်နိုင်သော်လည်း ပါးစပ်မှ သောက်သုံးခြင်းကြောင့် ဆိုးကျိုးများဖြစ်ပွားသည်ကို မတွေ့ရှိရပေ။

**ဗီတာမင် B2(Riboflavin) လွန်ကဲမှု**

ဗီတာမင် B2 သည်လည်း ရေတွင်ပျော်ဝင်နိုင်ပြီး ဆီးထဲမှတစ်ဆင့် စွန့်ထုတ်နိုင်သောကြောင့် အဆိပ်သင့်ခြင်းမျိုးက အလွန်ရှားပါးသည်။ ဗီတာမင် B2 ဖြည့်စွက်ဆေးကို အလွန်အကျွံသောက်သုံးမိပါက ဆီးအရောင်က အဝါရင့်ရောင် သို့တည်းမဟုတ် လိမ္မော်ရောင်သို့ ပြောင်းလဲသွားတတ်သည်။

**ဗီတာမင် B3 (Niacin)လွန်ကဲမှု**

သွေးကြောများပြန့်ကားလာကာ အရေပြားယားယံခြင်း၊ မျက်နှာ၊ လည်ပင်းနှင့် ရင်ဘတ်တို့၌နီမြန်းခြင်း (Flushing)၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းလျှောခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းများဖြစ်ပွားနိုင်သည်။ နာတာရှည်ဆိုးကျိုးအနေဖြင့်မူ အသည်းပျက်စီးခြင်း၊ ဂေါက်ရောဂါဖြစ်စေနိုင်ခြင်းနှင့် မျက်စိအာရုံကြောထိခိုက်ခြင်းများ ဖြစ်ပွားလာနိုင်သည်။

**ဗီတာမင် B5(Pantothenic Acid) လွန်ကဲမှု**

ဗီတာမင် B5 သည်လည်း ရေတွင်ပျော်ဝင်နိုင်ပြီး B5 အဆိပ်သင့်ခြင်းဖြစ်ရပ်မျိုးက အလွန်ရှားပါးသည်။ သို့ရာတွင် ဖြည့်စွက်ဆေးကို အလွန်အကျွံသောက်သုံးခြင်းမျိုး(ဥပမာ – တစ်ရက်လျှင် ၁၀ ဂရမ်ကျော် သောက်သုံးမိခြင်းမျိုး) ဖြစ်ပါကမူ ဝမ်းလျှောခြင်းနှင့် အစာခြေစနစ်တွင် ပြဿနာရှိလာခြင်းများ ဖြစ်ပွားနိုင်သည်။

**ဗီတာမင် B6(Pyridoxine)လွန်ကဲမှု**

အာရုံကြောထိခိုက်ခြင်း(Neuropathy)၊ ခြေဖျားလက်ဖျားများ ထုံကျဉ်ခြင်း၊ မတည်ငြိမ်ခြင်း၊ လမ်းလျှောက်ရခက်ခဲခြင်းများ ဖြစ်ပွားနိုင်သည်။ နာတာရှည် ဆိုးကျိုးအနေဖြင့်မူ အာရုံကြောပျက်စီးမှု ဖြစ်ပွားနိုင်သည်။

**ဗီတာမင် B7(Biotin)လွန်ကဲခြင်း**

ဗီတာမင် B7 သည် ရေတွင်ပျော်ဝင်နိုင်ပြီး အဆိပ်သင့်ခြင်းဖြစ်စဉ်က ရှားပါးသည့်အပြင် လက်တွေ့တွင်လည်း ဗီတာမင် B7 လွန်ကဲသည့် လက္ခဏာများကို မတွေ့ရှိရသေးပေ။

**ဗီတာမင် B9(Folate / Folic Acid) လွန်ကဲခြင်း**

ဗီတာမင် B9 သည် ပုံမှန်အားဖြင့် ရေတွင်ပျော်ဝင်နိုင်သော ဗီတာမင်ဖြစ်သည့်အတွက် ဆိုးရွားသော လက္ခဏာများကို မဖြစ်ပေါ်နိုင်ပေ။ သို့ရာတွင် ဗီတာမင် B9 သောက်ဆေးကို အလွန်အကျွံသောက်သုံးမိပါက ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အိပ်မပျော်ခြင်း၊ အရေပြားတွင် အနီစက်များထွက်လာခြင်း စသည်တို့ဖြစ်ပွားနိုင်သည်။

ဤနေရာတွင် သတိပြုကြရမည့်အချက်မှာ ဗီတာမင် B9 သောက်ဆေးသည် ဗီတာမင် B12 ချို့တဲ့မှုကို ဖုံးကွယ်သွားစေနိုင်သည့်အတွက် ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ မိမိသဘောဖြင့် သောက်သုံးရန် မသင့်ခြင်းပင်ဖြစ်သည်။

**ဗီတာမင် B12 (Cobalamin) လွန်ကဲခြင်း**

ဗီတာမင် B12 သည်လည်း ရေတွင် ပျော်ဝင်နိုင်ပြီး ဗီတာမင် B12 အဆိပ်သင့်ခြင်းမျိုးက ရှားပါးဖြစ်ရပ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်က လိုအပ်သည်ထက် ပိုနေသောဗီတာမင် B12 ကို ဆီးမှတစ်ဆင့် စွန့်ထုတ်ပစ်နိုင်သောကြောင့်ဖြစ်သည်။ အချို့တွင် ဝက်ခြံထွက်ခြင်းကဲ့သို့သော ဓာတ်မတည့်မှုလက္ခဏာများကိုသာ အနည်းငယ်တွေ့ရတတ်သည်။

**❖ ရေတွင်ပျော်ဝင်နိုင်သော ဗီတာမင်များဖြစ်ကြသည့် ဗီတာမင် B အုပ်စု၊ ဗီတာမင် C နှင့် PQQ တို့မှာ ဆီးထဲမှတစ်ဆင့် လွယ်လင့်တကူ စွန့်ထုတ်နိုင်သောကြောင့် ၎င်းတို့ကြောင့် ဖြစ်ရသောအဆိပ်သင့်ခြင်းမျိုးမှာ ဖြစ်ခေါင့်ဖြစ်ခဲကိစ္စရပ်မျိုးဖြစ်သည်။ အဆီတွင် ပျော်ဝင်နိုင်သော ဗီတာမင်များဖြစ်ကြသည့် ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ကမူ ခန္ဓာကိုယ်ထဲ၌ သိုလှောင်ထားနိုင်သော ဗီတာမင်များဖြစ်သည့်အတွက် အလွန်အကျွံစုပုံနေပါက အဆိပ်သင့်မှု (Toxicity )ဖြစ်နိုင်ခြေက မြင့်မားသည်။ ❖**

**ဗီတာမင် C (Ascorbic Acid) လွန်ကဲခြင်း**

ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်း၊ လေပွခြင်း၊ ပျို့အန်ခြင်း စသည်တို့ဖြစ်ပွားနိုင်သည်။ သတိပြုရန်အချက်မှာ ဗီတာမင် C ပိုလျှံလွန်ကဲလွန်းနေပါက ကျောက်ကပ်၌ ကျောက်တည်ခြင်း အထူးသဖြင့် Oxalate ကျောက်တည်မှုကို ဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

**ဗီတာမင် D(Cholecalciferol) လွန်ကဲခြင်း**

ချွေးထွက်များခြင်း၊ မောပန်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ ကြွက်သားများ အားနည်းခြင်း၊ ကြွက်သားနှင့် အရိုးများ နာကျင်ကိုက်ခဲခြင်းများ ဖြစ်ပွားနိုင်သည်။ နာတာရှည်ဆိုးကျိုးအနေဖြင့်မူ သွေးထဲတွင် ကယ်လ်စီယမ်ပမာဏ အလွန်အမင်းမြင့်တက်လာခြင်း (Hyper-calcemia)ကြောင့် ကျောက်ကပ်ပျက်စီးခြင်းနှင့် အရိုးများပျက်စီးခြင်း၊ နှလုံးခုန်မမှန်ခြင်းတို့ ဖြစ်ပွားနိုင်သည်။

**ဗီတာမင် E(Tocopherol) လွန်ကဲခြင်း**

မအီမသာဖြစ်ခြင်း၊ ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အနီရောင်အဖုအပိမ့်များထွက်ခြင်း စသည်တို့ ဖြစ်ပွားနိုင်သည်။ နာတာရှည်ဆိုးကျိုးအနေဖြင့်မူ သွေးကျဲဆေး၏အာနိသင်ကို မြင့်တက်စေပြီး သွေးထွက်လွယ်ခြင်း ဥပမာအားဖြင့် ဦးနှောက်သွေးယိုစီးခြင်း၊ သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်မှုကို ဟန့်တားခြင်းများ ဖြစ်ပွားနိုင်သည်။

**ဗီတာမင် K(Phytonadione) လွန်ကဲခြင်း**

ဗီတာမင် K သည် အဆီတွင်ပျော်ဝင်သော ဗီတာမင်အမျိုးအစားဖြစ်သည့်တိုင် အပင်မှရရှိသည့်သဘာဝပုံစံဗီတာမင် K1 အဆိပ်သင့်ခြင်းမျိုးက ရှားပါးသည်။

သတိပြုရန်အချက်မှာ လူလုပ် ဗီတာမင် K (Menadione – K3 )က သွေးအားနည်းရောဂါနှင့် အသည်းပျက်စီးခြင်းတို့ကို ဖြစ်စေနိုင်သောကြောင့် ဖြည့်စွက်စာအဖြစ် အသုံးပြုလေ့မရှိခြင်းဖြစ်သည်။

**PQQ(Pyrroloquinoline Quinone) လွန်ကဲခြင်း**

PQQ သည် နောက်ဆုံးတွေ့ရှိခဲ့ရသည့် အကျိုးပြုဒြပ်ပေါင်းဖြစ်ပြီး ဗီတာမင် B14 အဖြစ် တရားဝင်သတ်မှတ်ခံရခြင်းမရှိသေးပေ။ လက်ရှိတွင်မူ PQQ လွန်ကဲမှုကြောင့် လူတို့အတွက် ဆိုးရွားသော အကျိုးဆက်များကို မတွေ့ရှိရသေးဘဲ ၎င်းနှင့်ပတ်သက်သော သုတေသနများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

**အဆိပ်သင့်နိုင်ခြေ နှိုင်းယှဉ်ချက်**

ရေတွင် ပျော်ဝင်နိုင်သော ဗီတာမင်များဖြစ်ကြသည့် ဗီတာမင် B အုပ်စု၊ ဗီတာမင် C နှင့် PQQ တို့မှာ ဆီးထဲမှတစ်ဆင့် လွယ်လင့်တကူ စွန့်ထုတ်နိုင်သောကြောင့် ၎င်းတို့ကြောင့် ဖြစ်ရသောအဆိပ်သင့်ခြင်းမျိုးမှာ ဖြစ်ခေါင့်ဖြစ်ခဲကိစ္စရပ်မျိုးဖြစ်သည်။

အဆီတွင် ပျော်ဝင်နိုင်သော ဗီတာမင်များဖြစ်ကြသည့် ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ကမူ ခန္ဓာကိုယ်ထဲ၌ သိုလှောင်ထားနိုင်သော ဗီတာမင်များဖြစ်သည့်အတွက် အလွန်အကျွံစုပုံနေပါက အဆိပ်သင့်မှု (Toxicity )ဖြစ်နိုင်ခြေက မြင့်မားသည်။

သို့ဖြစ်၍ မည်သည့်ဗီတာမင် ဖြည့်စွက်စာကိုပင်ဖြစ်စေ ဆရာဝန် သို့မဟုတ် အတိုင်ပင်ခံ အာဟာရပညာရှင်၏ညွှန်ကြားချက်မပါဘဲ မိမိသဘောဖြင့် သောက်သုံးရန် မသင့်ပေ။

သဘာဝအစားအစာများမှ ရရှိသောဗီတာမင်များကမူ လွန်ကဲမှုဖြစ်နိုင်ခြေက အလွန်နည်းပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားချက်ဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၂၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြင်းမူ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၂၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဆီထွက်သီးနှံစုံ ၄၇၀၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၂၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဆီထွက်သီးနှံစုံ ဧက ၄၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ ဒီဒေသတွေမှာ ဆီထွက်သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၃၄၃ ဧက၊ နှမ်း ၄၅၄၅ ဧက၊ နေကြာ ၄၀၄ ဧက စုစုပေါင်း ၅၂၉၂ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၂၅၈၅ ဧက၊ နှမ်းဧက ၁၉၀၅၀၊ နေကြာ ဧက ၂၀၃၀ စုစုပေါင်း ၄၇၀၆၅ ဧကဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လယ်ဝေးမြို့နယ် သက္ကယ်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သက္ကယ်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သက္ကယ်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သက္ကယ်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို ရန်ပုံငွေကျပ် ၈၂၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လယ်ဝေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

# သင်္ဂဟရှေ့ပန်းချီ

\- ရွှေကြာက နွံကို
ဝန်တိုသည် မရှိ၊
ရေပြာမှာ ရွှေလွှာဖွင့်
ပွင့်တတ်ပါဘိ။

\- နွံကလည်း ကြာကို
မနာလို မရှိ၊
ကန်အခြေ ရေအစပ်မှာ
နေတတ်ပါဘိ။

\- ကန်သာက သဒ္ဓါဆင့်ညွှန်
ကြာနှင့်နွံ အဖော်ညို၊
လှိုင်းဇာခြည် အကြည်ခံတတ်နဲ့
လှတတ်ပါဘိ။

\- နွံနှင့်ကြာ ရေစင်သွန်း
ဆွေခင်ပွန်း သစ္စာ၊
အကြောင်းမကင်းပါဘု
အပေါင်းအရင်း အနေမှန်လို့
ပြန်အလှန် နားလည်မှုနဲ့
ထုဆစ်လင်္ကာ၊
သူ့နေရာ
သူ့တာကို သူဆောင်ကြဉ်း၊
တာနှင့်ဝန် ပနံရလေတော့
ကြာနှင့်နွံ ကန်အလှ
စံပြရှုခင်း။ ။

**ချစ်စုအောင်**

# ကျောက်ဆည်မြို့နယ် ရေတွင်းပြည့်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းပြည့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေတွင်းပြည့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၁၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်က ပြောပြ၍ သိရသည်။

**အထွေး**

# ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်းထိ ရှိနိုင်

**မနီလာ ဩဂုတ် ၃**

ဖိလစ်ပိုင်နိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းခန့်မှန်းချက်ကို ၃ ဒသမ ၇ ရာခိုင်နှုန်းအဖြစ် ကမ္ဘာ့ဘဏ်က ယနေ့တွင် ဆက်လက်သတ်မှတ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ လာမည့်နှစ် စီးပွားရေးပြန်လည်နာလန်ထူလာနိုင်မှုနှုန်းမှာ ယခင်မျှော်လင့်ထားသည်ထက် ပို၍နှေးကွေးနိုင်ခြေရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အားနည်းလာမှု၊ ပြည်တွင်းစားသုံးမှုနှုန်း အကန့်အသတ်ရှိလာမှုတို့ကြောင့် အရှိန်ဆက်လက် နှေးကွေးနေမည်ဖြစ်ပြီး ၃ ဒသမ ၇ ရာခိုင်နှုန်းထိသာ ဆက်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ် အစီရင်ခံစာ၌ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ယခုနှစ်အတွင်း အရှေ့အာရှနှင့်ပစိဖိတ်နိုင်ငံများ၏ ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၄ ဒသမ ၁ ရာခိုင်နှုန်း အောက်တွင်သာရှိနိုင်ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရ၏ ဘောဂဗေဒပညာရှင်များကလည်း ဖိလစ်ပိုင်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၄ ဒသမ ၅ ရာခိုင်နှုန်းကြားတွင် သာရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

သို့ရာတွင် ဖိလစ်ပိုင်၏ ၂၀၂၇ ခုနှစ် စီးပွားရေးပြန်လည်နာလန်ထူလာနိုင်မှုနှုန်းမှာ မျှော်လင့်ထားသည်ထက် ပိုမိုနှေးကွေးနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




# နိုင်ငံတော်၏ အမည်ကို နာအိုအီရိုသမ္မတနိုင်ငံအဖြစ် နော်ရူးတရားဝင်ပြောင်းလဲ



**ဆစ်ဒနီ ဩဂုတ် ၃**

ပစိဖိတ်သမုဒ္ဒရာ ဒေသကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် နော်ရူးနိုင်ငံသည် နိုင်ငံ၏ အမည်ကို နာအိုအီရိုသမ္မတနိုင်ငံအဖြစ် တရားဝင်ပြောင်းလဲလိုက်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

နော်ရူးနိုင်ငံ၏ အမည်ကို နာအိုအီရိုသမ္မတ နိုင်ငံအဖြစ် တရားဝင်ပြောင်းလဲမှုကို သမ္မတ ဒေးဗစ်အေဒီယန်က ဩဂုတ် ၂ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံသားများကို နော်ရူးနိုင်ငံသားများမှသည် နာအိုအီရိုနိုင်ငံသားများဟူ၍ ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း သမ္မတဒေးဗစ်အေဒီယန်က ပြောကြားထားသည်။

နော်ရူးနိုင်ငံ၏ အမည်ကို နာအိုအီရိုနိုင်ငံအဖြစ် အမည်ပြောင်းလဲရေး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို နော်ရူးလွှတ်တော်က ယခုနှစ် မေလအတွင်းအတည်ပြုခဲ့ပြီး ဖြစ်သည်။

နော်ရူးကျွန်းနိုင်ငံ၏ အစဉ်အလာအမည်သည် နာအိုအီရိုဖြစ်သော်လည်း အသံထွက်ရခက်ခဲမှုကြောင့် ဥရောပကိုလိုနီနိုင်ငံများက နော်ရူးဟူ၍ ခေါ်ဆိုသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

လူဦးရေ ၁၂၀၀၀ ခန့်သာရှိသော နော်ရူးကျွန်းနိုင်ငံသည် ဗာတီကန်စီးတီးနှင့် မိုနာကိုနိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်၌ တတိယမြောက် အသေးငယ်ဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂါဇာကမ်းမြောင်ဒေသကို ဒုတိယမြောက်နေ့အဖြစ် ဩဂုတ် ၂ ရက်တွင် အစ္စရေးဆက်လက်တိုက်ခိုက်

**ဂျေရုဆလင် ဩဂုတ် ၃**

အစ္စရေးနိုင်ငံသည် ဩဂုတ် ၂ ရက်တွင် ဒုတိယမြောက်နေ့အဖြစ် ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ရယူထားသည့် ဂါဇာစစ်ရေးပဋိပက္ခ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများ ရရှိထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာထားသည့်တိုင် အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသကို ဆက်လက်တိုက်ခိုက်နေခြင်းဖြစ်သည်။

ဩဂုတ် ၂ ရက်တွင် အစ္စရေးစစ်လေယာဉ်များသည် ဂါဇာစီးတီးမြို့၊ ဒီရာအယ်လ်ဘာလားမြို့၊ ခန်ယူနစ်မြို့တို့ကို ပြင်းထန်စွာတိုက်ခိုက်ခဲ့ကြောင်း ဂါဇာကမ်းမြောင်ဒေသတာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေး တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းလူမျိုး ၁၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် ရယူထားသည့် ဂါဇာစစ်ရေး ပဋိပက္ခပြီးဆုံးရေး သဘောတူညီချက်အရ ဂါဇာအခြေစိုက် ဟားမတ်စ် အုပ်စုနှင့် အခြားလက်နက်ကိုင် အဖွဲ့များက လက်နက်ဖြုတ်သိမ်းရန် သဘောတူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၃၀ ရက်တွင် ပြောကြားထားသည်။

အစ္စရေး စစ်လေယာဉ်များ၏ ဂါဇာကမ်းမြောင်စစ်ရေးတိုက်ခိုက်မှုများကို အစ္စရေးတပ်မတော်က အတည်ပြုထားသည်။

အစ္စရေးနိုင်ငံသည် လက်ရှိတွင် ဂါဇာကမ်းမြောင်ဒေသ၏ ၇၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီး ဟားမတ်စ်အုပ်စု အနေဖြင့် လက်နက်ဖြုတ်သိမ်းမှု မရှိခဲ့ပါက ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံးကို ထိန်းချုပ်ရမည်ဟု ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အင်ဒိုနီးရှား၌ ကူးတို့သင်္ဘောတစ်စီးမီးလောင် လူငါးဦးသေဆုံး၍ ၄၁ ဦးပျောက်ဆုံးနေ

**ဂျကာတာ ဩဂုတ် ၃**

အင်ဒိုနီးရှားနိုင်ငံ မာဒူရာကျွန်း ကမ်းလွန်ရေပြင်၌ ဩဂုတ် ၂ ရက်က ခရီးသည်တင် ကူးတို့သင်္ဘော တစ်စီး မီးလောင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ခရီးသည်တင် ကူးတို့သင်္ဘောမီးလောင်မှုတွင် လူငါးဦးသေဆုံး၍ ၂၂၅ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း၄၁ ဦး ပျောက်ဆုံးနေကြောင်း အင်ဒိုနီရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ပျောက်ဆုံးသူ ၄၁ ဦးကို ရှာဖွေကယ်ဆယ်ရေးသမားများက ယနေ့တွင်ဆက်လက်ရှာဖွေလျက်ရှိသည်။

ကေအမ်မူတီရာ ဆန်တိုဆာ ခရီးသည်တင်ကူးတို့သင်္ဘောသည် အရှေ့ဂျာဗားပြည်နယ် ဆုရာဘာယာမြို့မှ တောင်ဆူလာဝေစီကျွန်း မာကတ်ဆာမြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် မာဒူရာကျွန်းကမ်းလွန်၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကေအမ်မူတီရာ ဆန်တိုဆာ ကူးတို့သင်္ဘောပေါ်တွင် ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်းစုစုပေါင်း ၂၇၁ ဦး လိုက်ပါလာကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြား ထားသည်။

လက်ရှိတွင် အဆိုပါခရီးသည်တင် ကူးတို့သင်္ဘောမီးလောင်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို အင်ဒိုနီးရှား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ကျွန်းပေါင်း ၁၇၀၀၀ ခန့်ဖြင့် ဖွဲ့စည်းထားသည့် အင်ဒိုနီးရှား ကျွန်းစုနိုင်ငံသည် သွားလာရေးအတွက် ရေလမ်းခရီးကို အဓိကသုံးစွဲနေရသည်ဖြစ်ရာ ရေယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား လူ ၁၇ ဦးသေဆုံး၍ ၃၄ ဦးဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် ဩဂုတ် ၃**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ် ရဲစခန်းတစ်ခု၏ပြင်ပ၌ ဩဂုတ် ၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၇ ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် အသေခံ ဗုံးခွဲသမားတစ်ဦး၏ ဖောက်ခွဲတိုက်ခိုက်မှု မဖြစ်နိုင်ကြောင်း ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ် တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

ဩဂုတ် ၂ ရက် ဗုံးခွဲတိုက်ခိုက်မှုအတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း တီရစ်ခ်အီးတာလီဘန် ပါကစ္စတန်အမည်ရှိ အစ္စလာမ္မစ်လက်နက်ကိုင်အဖွဲ့က ကြေညာချက် ထုတ်ပြန်ထားသည်။



အဆိုပါဗုံးခွဲတိုက်ခိုက်မှုအတွင်း လူ ၃၄ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားထားသည်။

ဗုံးခွဲတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူ၊ ဒဏ်ရာရရှိခဲ့သူများအတွက် မိမိအနေဖြင့် ဝမ်းနည်းမိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှ်ရာရှစ်ဖ်က ပြောကြားထားသည်။

ပြီးခဲ့သည့်လများအတွင်း ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ် အပါအဝင်ပါကစ္စတန်နယ်စပ်ဒေသများ၌ လက်နက်ကိုင်အဖွဲ့များက ပါကစ္စတန် တပ်မတော်နှင့်ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။

ပါကစ္စတန် နယ်စပ်ဒေသများ တစ်လျှောက် လက်နက်ကိုင်အဖွဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာမှုအတွက် ပါကစ္စတန်အစိုးရက အာဖဂန်တာလီဘန်အုပ်စုကို အပြစ်တင်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နာဆာက CAPSTONE-02 မစ်ရှင်ဖြင့် လပတ်လမ်းပေါ်သို့ အာကာသယာဉ်နှစ်စင်းလွှတ်တင်ရန် စီစဉ်ထား



ဝါရှင်တန် ဩဂုတ် ၃

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် CAPSTONE-02 အမည်ရှိ မစ်ရှင်ဖြင့် လပတ်လမ်းပေါ်သို့ အာကာသယာဉ်နှစ်စင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

CAPSTONE-02 မစ်ရှင် အာကာသယာဉ်များသည် လကမ္ဘာအနီးရှိ ဒြပ်ဆွဲအားနယ်မြေ၏ အာကာသယာဉ်များအပေါ်အကျိုးသက်ရောက်မှုကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

CAPSTONE-02 အာကာသယာဉ်နှစ်စင်းသည် လွှတ်တင်ပြီးချိန်တွင် လပတ်လမ်းပေါ်၌ တစ်စင်းနှင့်တစ်စင်း အနီးကပ်ယှဉ်တွဲပျံသန်း၍ လပတ်လမ်း ဒြပ်ဆွဲအား၏ အကျိုးသက်ရောက်မှုများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် CAPSTONE-02 မစ်ရှင် အာကာသယာဉ် နှစ်စင်းသည် နာဆာ၏ အားတီးမစ် မစ်ရှင်နှင့် လကမ္ဘာအခြေစိုက်စခန်း တည်ဆောက်ရေး မစ်ရှင်များတွင် အသုံးပြုမည့် ဆက်သွယ်ရေးစနစ်များနှင့် လမ်းပြစနစ်များကိုလည်း စမ်းသပ်မည်ဖြစ်သည်။

CAPSTONE-02 မစ်ရှင် အာကာသယာဉ်နှစ်စင်းကို အမေရိကန် ပုဂ္ဂလိက အာကာသနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော တာရန်း Terran Orbital Systems ကုမ္ပဏီက တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် CAPSTONE-02 မစ်ရှင်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ကြက်ဥအများအပြား နေ့စဉ်စားသုံးပါက နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ ပေါ်လာနိုင်

နယူးယောက် ဩဂုတ် ၃

ကြက်ဥအများအပြား နေ့စဉ်စားသုံးပါက နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ (Atrial Fivrillation) ပေါ်လာနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ကြက်ဥအများအပြား နေ့စဉ်စားသုံးပြီးနောက် သွေးလည်ပတ်မှုစနစ်အတွင်း ပေါ်ထွက်လာသည့် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ ပေါ်ထွက်လာနိုင်ခြေ မြင့်မားလာနိုင်မှုနှင့် ဆက်စပ်နေကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာကြောင့် နှလုံးခုန်ရပ်တန့်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများ မြင့်တက်လာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကြက်ဥအများအပြား နေ့စဉ်စားသုံးပါက TMAO ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး ပေါ်ထွက်မှုမြင့်တက်လာနိုင်ကြောင်း၊ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွေးလည်ပတ်မှုစနစ်အတွင်း TMAO ဓာတုဒြပ်ပေါင်း ပေါ်ထွက်မှုအဆင့် မြင့်တက်လာပါက နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ ပေါ်လာနိုင်ခြေ ပုံမှန်ထက် ၇၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

TMAO ဓာတုဒြပ်ပေါင်းသည် အစာခြေလမ်းကြောင်းစနစ်က အမဲသား၊ အသည်း၊ ဝက်သားနှင့်ကြက်ဥ အနှစ်ကဲ့သို့ အစားအစာများကို ချေဖျက်ချိန်တွင် ပေါ်ထွက်လာတတ်သော ဓာတုပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုသစ် ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် ဩဂုတ် ၃

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုသစ် ၂၄ စင်းကို ဩဂုတ် ၁ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။



အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၁ ဒသမ ၅ မိနစ် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၂၆ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါ မစ်ရှင် အောင်မြင်မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်တွင် ဂြိုဟ်တုစင်းရေ ၁၀၈၀၀ ကျော်ထိရှိလာပြီဖြစ်ကြောင်း၊ စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ မစ်ရှင်ပေါင်း ၈၉ ခုလွှတ်တင်ခဲ့ရာ ၆၉ ခုမှာ စတားလင့်ခ် အင်တာနက် ဂြိုဟ်တုကွန်ရက်အတွက်လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HIV ဗိုင်းရပ်တိုက်ဖျက်ရေး VH-499 ဆေးသစ်တစ်မျိုးကို သုတေသနပညာရှင်များက လူနာများဖြင့် လက်တွေ့စမ်းသပ်မှုပြုလုပ်

လန်ဒန် ဩဂုတ် ၃

ခုခံအားကျဆင်းမှုရောဂါ (HIV) ဗိုင်းရပ်တိုက်ဖျက်ရေး VH-499 ဆေးသစ်တစ်မျိုးကို ဗြိတိန်သုတေသနပညာရှင်များက လူနာများဖြင့် ပထမအဆင့် လက်တွေ့ စမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

VH-499 အမည်ရှိ HIV ဗိုင်းရပ်တိုက်ဖျက်ရေး ဆေးသစ်ကို ပထမဆုံးအကြိမ်အဖြစ် လူသားလူနာများဖြင့် ပထမအဆင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပထမအဆင့် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ VH-499 HIV ဗိုင်းရပ်တိုက်ဖျက်ရေးဆေးသည် ဗိုင်းရပ်များပိုတူပွားနိုင်စွမ်းကို တားဆီးပေးနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် VH-499 ကို ဓာတ်ခွဲခန်းအဆင့် စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် လူသားလူနာများဖြင့် ပထမအဆင့် လက်တွေ့စမ်းသပ်မှုများကို စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

VH-499 ဆေးသည် HIV ဗိုင်းရပ်၏ Capsid Protein ခေါ် ပရိုတင်းတစ်မျိုးကို ပိတ်ပင်ခြင်းဖြင့် ဗိုင်းရပ်များပျံ့နှံ့မှုကို တားဆီးပေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် သုတေသနပညာရှင်များသည် VH-499 ဆေးကို ဒုတိယအဆင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နာဆာ၏ နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်က လူပေါင်း ၁၃၅၀၁၄၄ ဦးတို့၏ အမည်များထည့်သွင်းထားသည့် မှတ်ဉာဏ်ကတ်ကို သယ်ယူသွားမည်

ဝါရှင်တန် ဩဂုတ် ၃

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် လူပေါင်း ၁၃၅၀၁၄၄ ဦးတို့၏ အမည်များ ထည့်သွင်းထားသည့် မှတ်ဉာဏ်ကတ်ကို သယ်ယူသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

နာဆာကျွမ်းကျင်သူများသည် အထက်ပါ မှတ်ဉာဏ်ကတ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းရှိ နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်တွင် ဇူလိုင် ၂၈ ရက်က တပ်ဆင်ခဲ့ကြောင်း သိရသည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်က သယ်ဆောင်သွားမည့် အထက်ပါ မှတ်ဉာဏ်ကတ်ထဲတွင် အားတီးမစ်-၂ နှင့် အားတီးမစ်-၃ မစ်ရှင် အာကာသယာဉ်မှူးများ၏ အမည်များလည်း ပါဝင်သည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို လာမည့် ဩဂုတ် ၃၀ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်တစ်သန်းခန့်အကွာတွင် နေရာယူ၍ စကြဝဠာကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း၊နန်စီဂရေ့စ်ရိုမန် အာကာသ ရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာနိုင်စွမ်းမှာ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်ထက် အဆ ၁၀၀ ပိုမြင့်မားကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

# ဇီပက်ဒါက WBC ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူး

နီဗားဒါး ဩဂုတ် ၃

WBC ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် မက္ကဆီကို လက်ဝှေ့သမား ဇီပက်ဒါနှင့် အမေရိကန်လက်ဝှေ့သမား လာမွန့်ရို့ချ်တို့ ဩဂုတ် ၂ ရက်တွင်အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ ထိုးသတ်ခဲ့ရာ ဇီပက်ဒါက ဒိုင်အမှတ်ဖြင့် အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း Ring Magazine သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီပက်ဒါသည် လာမွန့်ရို့ချ်နှင့် မထိုးသတ်မီ WBC ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမားစတီဗင်ဆင်နှင့် ထိုးသတ်ခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် ဇီပက်ဒါက ရှုံးနိမ့်ခဲ့သည်။

ထို့နောက် စတီဗင်ဆင်က လိုက်ဝယ်သာဝိတ်တန်းသို့ ပြောင်းရွှေ့ခဲ့သည့်အတွက် လစ်လပ်နေသည့် ကမ္ဘာ့လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ဇီပက်ဒါကလာမွန့်ရို့ချ်နှင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

ဇီပက်ဒါက "WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် စတီဗင်ဆင်နဲ့ ထိုးသတ်ခဲ့ပါတယ်။ ကျွန်တော့်အတွက် ပထမဆုံးရှုံးပွဲနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တခြားစိန်ခေါ်မှုတွေကို ကျွန်တော် အကောင်းဆုံး ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ စတီဗင်ဆင်ဆိုတဲ့ စိန်ခေါ်မှုကြီးကိုတော့ ကျွန်တော် မကျော်ဖြတ်နိုင်ခဲ့ပါဘူး။ အခုတစ်ကြိမ်မှာတော့ ကျွန်တော်လိုချင်နေတဲ့ ကမ္ဘာ့ချန်ပီယံခါးပတ် ကျွန်တော့်လက်ထဲရောက်လာပါပြီ" ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Ring Magazine

Trs : AZL



# Rocket Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို သောဘွန်ဆင် ဆွတ်ခူး

မီချီဂန် ဩဂုတ် ၃

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရွိုက်မြို့တွင် ကျင်းပခဲ့သည့် Rocket Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား သောဘွန်ဆင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ရှောင်ဖီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး ရိုင်လေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

ရိုင်လေသည် တတိယနေ့အပြီးထိ အမှတ်ပေးဇယားကို ဦးဆောင်ခဲ့သော်လည်း နောက်ဆုံးနေ့တွင် ရလဒ်အကောင်းဆုံးသောဘွန်ဆင်က ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

သောဘွန်ဆင်က "ဒီနှစ်ထဲပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ချို့မှာ အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့တာတွေရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ ချန်ပီယံဖြစ်ခွင့် မရလိုက်ပါဘူး။ ဒီပြိုင်ပွဲမှာတော့ ရှေ့သုံးရက်မှာ အမှတ်ပေးဇယားထိပ်ကို မရောက်ခဲ့ပါဘူး။ နောက်ဆုံးနေ့မှပဲ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

တောင်ကြီး ဩဂုတ် ၃



အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများကပြည်နယ်လေ့ကျင့်ရေး အားကစားရုံအတွင်း နေရာယူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ထွေးအောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ပြိုင်ပွဲဝင်အသင်းများမှ အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို သံပြိုင်ရွတ်ဆိုခဲ့ကြကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ခဲ့ပြီး အ.ထ.က (၃)ဘင်ခရာတပ်ဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကာ အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြပြီးနောက် အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်ရှမ်းပြည်နယ် အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့မှစတင်ပြီး ဩဂုတ် ၉ ရက်ထိ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်း ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၃၉၇ ဦးပါဝင်ပြီး အုပ်စုပတ်လည်စနစ်ဖြင့် တောင်ကြီးမြို့ ပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) ပွဲစဉ်များအဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင်ရန်ကုန်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၇ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် ဇင်မိုးပြည့်၊ ပွဲချိန် ၆၈ မိနစ်နှင့် ၈၆ မိနစ်တို့တွင် နှင်းဝေနှင်းတို့က သွင်းယူခဲ့ပြီး Young Lionesses အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၁ မိနစ်တွင် နေမျိုးသူသူအောင်နှင့် ပွဲချိန် ၆၁ မိနစ်တွင် နန်းခမ်းဝမ်းတို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ဖွဲကပင် ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ကိုးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး သစ္စာအားမာန်အသင်းတွင် သွင်းဂိုးများကို ပွဲချိန်ခုနစ်မိနစ်တွင် ဖွဲကပင်ယူနိုက်တက်အသင်းမှ ဒရာမီက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့် အတွက် ဦးဆောင်ဂိုး စတင်ရရှိခဲ့ကာ ပွဲချိန် ၂၅ မိနစ်နှင့်မိနစ် ၅၀ တွင်ယွန်းဝတီ၊ ပွဲချိန် ၃၂ မိနစ်နှင့် ၃၄ မိနစ်တို့တွင် မြတ်နိုးခင်၊ ပွဲချိန် ၅၉ မိနစ်နှင့် ၆၉ မိနစ်တို့တွင် ဝင်းဝင်းနှင့် ပွဲချိန် ၈၅ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီးအချိန်ပိုနှစ်မိနစ်တွင် ချစ်ဆုဝေတို့က သွင်းယူခဲ့ပြီး ဖွဲကပင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ပွဲချိန် ၄၄ မိနစ်တွင် ချာရီနှင့် ပွဲချိန် ၆၃ မိနစ်တွင် ဂလိုရီယာတို့က သွင်းယူခဲ့ကြောင်း သိရသည်။

STA

# စီရော်နယ်ဒိုက ချစ်သူ ဂျော်ဂျီနာနှင့် လက်ထပ်ပွဲကို ဩဂုတ် ၈ ရက်၌ မွေးရပ်ဇာတိ မာဒိုင်ရာကျွန်းစုတွင် ကျင်းပမည်

လစ္စဘွန်း ဩဂုတ် ၃

ဘောလုံးလောကတွင် ထိပ်တန်းကစားသမားတစ်ဦး ဖြစ်သည့် ပေါ်တူဂီအသင်းနှင့်အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုက ချစ်သူဂျော်ဂျီနာနှင့် လက်ထပ်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်၌ မွေးရပ်ဇာတိဖြစ်သည့် မာဒိုင်ရာကျွန်းစုတွင် ကျင်းပမည်ဖြစ်ကြောင်း Daily Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၁ နှစ်ရှိ စီရော်နယ်ဒိုသည် ပေါ်တူဂီနိုင်ငံ မာဒိုင်ရာကျွန်းစုရှိ ဖန်ချယ်မြို့တွင် မွေးဖွားပြီးနောက်ပိုင်းတွင် လစ္စဘွန်းမြို့ရှိ စပို့တင်းလစ္စဘွန်းအကယ်ဒမီတွင် တက်ရောက်ကာ ဘောလုံးကစားသမားဘဝကို စတင်ခဲ့သူဖြစ်သည်။



ထို့နောက် စီရော်နယ်ဒိုသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် မန်ယူအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဂျူဗင်တပ်အသင်း၊ အယ်လ်နာဆာ အသင်းတို့တွင် အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့ပြီး ဆုဖလားများစွာ ဆွတ်ခူးခဲ့သည့်အပြင် တစ်ဦးချင်းဆုများစွာကိုလည်း ပိုင်ဆိုင်ခဲ့ကာ ဘောလုံးလောကတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ပြီး ဂန္ထဝင်ကစားသမား တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

စီရော်နယ်ဒိုနှင့်ချစ်သူ ဂျော်ဂျီနာတို့သည် ၂၀၁၆ ခုနှစ် စီရော်နယ်ဒို ရီးရဲလ်မက်ဒရစ်အသင်း၌ ကစားခဲ့စဉ်က စတင်ချစ်ကြိုက်ခဲ့ခြင်းဖြစ်ပြီး ချစ်သူဘဝကာလရှည်ဖြတ်သန်းခဲ့ပြီးနောက် လာမည့်ရက်သတ္တပတ်အတွင်း မင်္ဂလာလက်ထပ်ပွဲအခမ်းအနားကို မာဒိုင်ရာကျွန်းစုဖန်ချယ်မြို့ရှိ ဖန်ချယ်ဘုရားကျောင်း၌ ကျင်းပပြီးလျှင် မင်္ဂလာဧည့်ခံပွဲအခမ်းအနားကို ဖန်ချယ်မြို့ရှိ ကြယ်ငါးပွင့်အဆင့်ရှိ Savoy Palace တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail

Trs : STA

# မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဝါသနာရှင်အဆင့်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar)တို့က အဓိကကူညီပံ့ပိုးသော မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဝါသနာရှင်အဆင့် (Amateur)၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း(Senior Amateur) အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးကိုကိုအေး၊ World Handicap ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇာနည်ဝင်း၊ ဒုတိယဥက္ကဋ္ဌနှင့် သက်ကြီးတန်း ဝါသနာရှင်အဆင့် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲသို့ ဝါသနာရှင်အဆင့်(Amateur) ကစားသမား ၁၀၈ဦး၊ သက်ကြီးတန်းဝါသနာရှင်အဆင့်(Senior Amateur) ကစားသမား အသက် ၅၅ နှစ်မှ ၆၀ နှစ်ထိ ၁၉ ဦး၊ ၆၁ နှစ်မှ ၆၅ နှစ်ထိ ဦးရေ ၂၀၊ ၆၆ နှစ်မှ ၇၅ နှစ်ထိ ၁၂ဦးပါဝင်ပြီး စုစုပေါင်းကစားသမား ၁၅၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ယနေ့မှစတင်ပြီး ဩဂုတ် ၆ ရက်ထိ လေးရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# Memphis Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ခရစ္စတီနား ဆွတ်ခူး

**တန်နက်ဆီ ဩဂုတ် ၃**

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ် မမ်ဖစ်မြို့တွင်ကျင်းပခဲ့သည့် Memphis Classic တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရုရှားတင်းနစ်မယ် ခရစ္စတီနားနှင့်ချက်တင်းနစ်မယ် ဗစ်မာနိုဗာတို့ယှဉ်ပြိုင်ခဲ့ရာ ခရစ္စတီနားက(၁-၆၊ ၆-၁၊ ၆-၃)ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၆ နှစ်ရှိ ခရစ္စတီနားသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဒုတိယပွဲငယ်တွင် ပုံစံကောင်းပြန်လည်ပြသနိုင်ခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

ထို့နောက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ခရစ္စတီးနားက ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရပြီး ကစားသမားဘဝ၏ ပထမဆုံးဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ခရစ္စတီးနားက“ကစားသမားဘဝ ပထမဆုံးဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့စိတ်လှုပ်ရှားနေခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ကွင်းထဲရောက်တာနဲ့ စိတ်ကိုတည်ငြိမ်အောင်ထားရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပွဲအပေါ်သေချာအာရုံစိုက်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ ပထမပွဲငယ်မှာ စိတ်လှုပ်ရှားနေလို့ ကောင်းကောင်းမကစားနိုင်ခဲ့ဘူး။ ဒါပေမဲ့ ပွဲအပေါ် အာရုံစိုက်နိုင်ခဲ့ပြီးတဲ့နောက် အကောင်းဆုံး ပြန်ကစားနိုင်ခဲ့ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE

Trs : AZL



# တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)ထိ MTB(လူသစ်တန်း) စက်ဘီးစီးပြိုင်ပွဲလမ်းကြောင်းများ ထုတ်ပြန်

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)မှ အမျိုးသားကန်တော်ကြီး ဥယျာဉ်(ပြင်ဦးလွင်)ထိ MTB(လူသစ်တန်း) စက်ဘီးစီးပြိုင်ပွဲအတွက် လမ်းကြောင်းများကို ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင်မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) ပင်မဂိတ် ၁၂ လမ်းမှ စတင်တာထွက်မည်ဖြစ်ပြီး လမ်းကြောင်း(၁)အဖြစ် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) ဂိတ်ရှေ့မှ ၁၂ လမ်းအတိုင်း ၆၆ လမ်းဆုံထိ၊ ၆၆ လမ်းမှ ၂၆ လမ်းဆုံထိ၊ ၂၆ လမ်းမှ မန္တလေး-ပြင်ဦးလွင်လမ်းဆုံထိ၊ ထိုတစ်ဆင့် မန္တလေး-ပြင်ဦးလွင်လမ်းမှ ပြင်ဦးလွင်မြို့ထိ၊ လမ်းကြောင်း(၂)အဖြစ် ပြင်ဦးလွင်မြို့အဝင်မှ နန်းမြိုင်လမ်း-ဂေါက်ကလပ်လမ်းဆုံထိ၊ ထိုမှတစ်ဆင့် ဂေါက်ကလပ်လမ်းမှ စန္ဒာလမ်းဆုံထိ၊ စန္ဒာလမ်းမှ ဂန္ဓမာမြိုင်အဝိုင်းထိ၊ ဂန္ဓမာမြိုင်အဝိုင်းမှ ကန်တော်ကြီးကန်ဘောင်လမ်းဆုံထိ စီးနင်းရမည်ဖြစ်သည်။

အလားတူ လမ်းကြောင်း(၃)အဖြစ် ကန်တော်ကြီးကန်ဘောင်အတိုင်း ဥယျာဉ်မြောက်ဂိတ်(မျှော်စင်ဂိတ်)ထိ၊ မြောက်ဂိတ်အဝင်လမ်းမှ တောတွင်းစက်ဘီးစီးလမ်းထိ၊ လမ်းကြောင်း(၄)အဖြစ် တောတွင်းစက်ဘီးစီးလမ်းမှ ဘာဂီပတ်လမ်းအပေါ်ပြန်ထွက်၍ ဘာဂီလမ်း-ထင်းရှူးတောလမ်းဆုံထိ၊ ထိုမှတစ်ဆင့် ဝါးတော၊ ဒရယ်ခြံ၊ ရွှံ့နွံတောဘေးလမ်းမှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)အဝင်ဂိတ်ထိ စီးနင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များ အဆင်ပြေချောမွေ့စွာ ပန်းဝင်နိုင်ရေးအတွက် ကန်ဘောင်လမ်းဆုံမှစတင်၍ လမ်းကြောင်းတစ်လျှောက် ပန်းဝင်သည်ထိ လမ်းညွှန်ဆိုင်းဘုတ်များကို ထားရှိပေးမည်ဖြစ်သည်။

STA

# ASEAN Hyundai Cup ပြိုင်ပွဲ မြန်မာနှင့် လာအိုအသင်းပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားမည့် မြန်မာအသင်းနှင့် လာအိုအသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာအသင်းနည်းပြ အန်ဒါဆန်၊ မြန်မာအသင်းခေါင်းဆောင် မောင်မောင်လွင်၊ လာအိုအသင်းနည်းပြ Vladica Grujic၊ လာအိုအသင်းခေါင်းဆောင် Kouay-cheng Nouphakdyတို့ တက်ရောက်ခဲ့ပြီး မီဒီယာများ၏မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

မြန်မာအသင်းနည်းပြ အန်ဒါဆန်က “ကျွန်တော်တို့အသင်းအနေနဲ့ လက်ရှိမှာကောင်းမွန်တဲ့အခြေအနေတစ်ခုကိုဖန်တီးနိုင်ဖို့ကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့ ဖိလစ်ပိုင်နဲ့ပွဲတုန်းကဆိုရင်လဲ အသင်းရဲ့ကစားပုံကောင်းမွန်ခဲ့တာကို အားလုံးမြင်တွေ့ခဲ့ကြရမှာပါ။ ကျွန်တော်တို့အသင်းဟာ ဖိအားပေးကစားဟန်ကို နည်းဗျူဟာကျကျပုံဖော်နိုင်ခဲ့သလို၊ အဲဒီလိုအားစိုက်ကစားမှုတွေကနေတစ်ဆင့် ဂိုးရရှိရေးအခွင့်အရေးတွေ၊ ဂိုးတွေနဲ့အရေးပါတဲ့ရမှတ်တွေကိုပါ ဖန်တီးရယူနိုင်ခဲ့ပါတယ်”ဟုပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် လာအိုအသင်းတို့သည် ASEAN Hyundai Cup 2026ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဩဂုတ် ၄ ရက် ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၁)နောက်ဆုံးပွဲစဉ်တွင် ရောဝတီယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို အနိုင်ရ

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၈ မိနစ်တွင် စိုးမင်းခန့်က စစ်ကိုင်းယူနိုက်တက် အသင်းအတွက် ဦးဆောင် ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၃၆ မိနစ်တွင် ကောင်းမြတ်စံက ရောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။



ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန် ပွဲချိန် ၄၇ မိနစ်တွင် ကျော်မင်းစိုးက စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၄၈ မိနစ်တွင် ကောင်းခန့်ကျော်နှင့် ပွဲချိန် ၇၂ မိနစ်တွင် ကောင်းမြတ်စံတို့က ရောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရောဝတီယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်းသိရသည်။

STA

# ဝါစိုက်ပျိုးထုတ်လုပ်မှုအားပေး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

ကျော်တင့်(ရွှေခရမ်း)

လူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးအနက် "ဝတ်ရေး"အတွက် အဓိကအကျဆုံး ကုန်ကြမ်းမှာ ဝါဖြစ်သည်။ ဝါသည် ကမ္ဘာတစ်ဝန်းတွင် အဖြူရောင်ရွှေဟု တင်စားရလောက်အောင် စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍများတွင် အဓိကကျသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ဝါကို မြန်မာနိုင်ငံတွင် ရှေးကတည်းကစိုက်ပျိုးခဲ့ပြီး ထွက်ရှိလာသည့်ဝါများကို လူတို့အတွက်အဝတ်အထည်များနှင့် လူ့အသုံးအဆောင်ချည်ထည်အမျိုးမျိုးရက်လုပ်ရာတွင် သုံးစွဲသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံများအတွက် ဝါစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ဖြစ်ထွန်းခြင်းသည် ပြည်တွင်းစက်မှုလုပ်ငန်းများ ရှင်သန်ရေးနှင့် နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးတို့အတွက် အရေးပါလှသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် အဓိကစားသုံးသီးနှံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံ စသည်ဖြင့် စိုက်ပျိုးလျက်ရှိပြီး ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည်များကို ပြည်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့်စက်မှု Agro-Based Industries ကို ဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သည့် ဝါသည်လည်း အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ဝါလိုအပ်ချက်များရှိသဖြင့် အမျိုးအစားကောင်းသည့် ချည်မျှင်ရှည်ဝါများ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများရရှိပြီး နိုင်ငံစီးပွားကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ဝါစိုက်ပျိုးရာတွင် ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်ကို ထုတ်လုပ်ကြရာတွင် သမားရိုးကျလုပ်ကိုင်သည့်စနစ်မှ အဆင့်မြင့်အထည်အလိပ်လုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ GDP နှင့် နိုင်ငံ၏အသားတင်ထုတ်လုပ်မှု မြင့်မားတိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသောနည်းလမ်းလေးသွယ်သည် မဖြစ်မနေလိုအပ်သည်။ ထို့ကြောင့် ဝါမျိုးများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာ ဝါစိုက်တောင်သူ အစုအဖွဲ့များကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ဝါစိုက်ရန် မြေပြုပြင်ခြင်းနှင့် ပတ်သက်၍ သဘာဝမြေဩဇာများ အသုံးပြုလျက်ရှိသကဲ့သို့ ပိုက်ဆန်လျှော်စိုက်ပျိုးခြင်းဖြင့်လည်း မြေပြုပြင်ခြင်းများကို ဆောင်ရွက်နိုင်သည်။ အလားတူ မြေပြုပြင်ရာတွင် ကျွဲ၊ နွားမွေးမြူခြင်းများမှရရှိသည့် နွားချေးများနှင့် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကို သဘာဝဓာတ်မြေဩဇာအဖြစ် စနစ်တကျထည့်သွင်းအသုံးပြုခြင်းနှင့် စိုက်ပျိုးရေနှင့် အောင်ရေများလုံလောက်စွာ ရရှိရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ခြင်းတို့ဖြင့် အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာစေနိုင်မည်ဖြစ်သည်။

ဝါမျိုးကောင်းများ စိုက်ပျိုးနိုင်မည်ဆိုပါက အရည်အသွေးကောင်းမွန်သည့် ချည်မျှင်များရရှိမည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် တောင်သူများ ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေးအတွက် ပြည်တွင်း၌ သုတေသနပြုထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပမှလည်း မှာယူတင်သွင်းဆောင်ရွက်လျက်ရှိသည်။ ဝါထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းအလိုက် ချည်ထည်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ရက်ကန်းစက်များ အဆင့်မြှင့်တင်နိုင်ရေး၊ ခေတ်မီရက်ကန်းစက်များ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်နယ်အလိုက် ချည်ထည်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရက်ကန်းစက်များ အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်က ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ဝါများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ဆောင်ရွက်ကြရန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပဈေးငွေလိုအပ်ချက်ကို စနစ်တကျတွက်ချက်၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။



ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် ဝါများကို ပေါများစွာထုတ်လုပ်နိုင်ပါက ပြည်ပမှ ချည်မျှင်နှင့် အထည်အလိပ် တင်သွင်းရမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေကို ထိန်းသိမ်းပေးနိုင်သည်။

ဝါစိုက်ပျိုးရေးသည် စိုက်ပျိုးချိန်မှစ၍ ကောက်သိမ်းချိန်၊ ကြိတ်ခွဲချိန်နှင့် ထုပ်ပိုးချိန်ထိ လုပ်သားအင်အား များစွာလိုအပ်သည့်သီးနှံဖြစ်ပြီး ဝါစိုက်ပျိုးမှုကိုမြှင့်တင်နိုင်မည်ဆိုပါက စိုက်ပျိုးတောင်သူများ၊ ဆွတ်ခူးသူများ၊ ဝါစက်ရုံလုပ်သားများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ကျေးလက်နေပြည်သူများအတွက် စဉ်ဆက်မပြတ် အလုပ်အကိုင်နှင့်ဝင်ငွေ ရရှိစေမည်ဖြစ်သည်။ ဝါအထည်အလိပ် ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆိုင်ရာကဏ္ဍများအလိုက် အလုပ်အကိုင်အခွင့်အလမ်းများထွက်ပေါ်လာပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် နိုင်ငံတော်၊ တောင်သူများနှင့် ထုတ်လုပ်သူများအားလုံးက တက်ညီလက်ညီ အားထုတ်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းဝါစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေး၊ ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြင့်လာစေရေး၊ ဝါစိုက်ပျိုးထုတ်လုပ်သည်မှ အထည်အလိပ်ထုတ်လုပ်သည်ထိ ကွင်းဆက်တစ်လျှောက် အဆင့်ဆင့်တိုးတက်စေရေး တို့ကိုရည်ရွယ်၍ "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့"ဟူသည့် ခေါင်းစဉ်နှင့် ယခုနှစ် ဇူလိုင် ၁၃ ရက်က မကွေးမြို့တွင် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ ဝါမျိုးစေ့ထုတ်လုပ်ခြင်း၊ ဝါစိုက်ပျိုးခြင်း၊ ဝါစေ့ဆီထုတ်လုပ်ခြင်း၊ ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်း စသည်ဖြင့် ကွင်းဆက်တစ်ခုလုံးတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များ ထွက်ပေါ်လာခဲ့သည်။ အဆိုပါဆွေးနွေးပွဲကြီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝါစိုက်တောင်သူ၊ ဝါမျိုးစေ့ထုတ်လုပ်သူ၊ ဝါဂွမ်းထုတ်လုပ်သူ၊ ချည်ထုတ်လုပ်သူ၊ ရက်ကန်းလုပ်ငန်း၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူ အစုအဖွဲ့များ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ ဝါလုပ်ငန်းဆိုင်ရာ အစုအဖွဲ့များ၏ ဆွေးနွေးချက်များအရ နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ တောင်သူများအပိုင်းမှ လုပ်ဆောင်ရမည့် ကိစ္စရပ်များ၊ ထုတ်လုပ်သူများအပိုင်းမှ ဆောင်ရွက်ရမည့် ကိစ္စရပ်များဟူ၍တွေ့ရှိရပြီး နိုင်ငံတော်က လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ ပြည်တွင်းမှထွက်ရှိသည့် ဝါများကို ကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများကို ကြိတ်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်တွင်းမှထုတ်လုပ်ထားသည့် ဝါကြိတ်စက်(ဂျင်ခုံ)များကို အထူးဈေးငွေအစီအစဉ်ဖြင့် ရောင်းချပေးခြင်း၊ ဆီစက်လုပ်ငန်းရှင်များအတွက်လည်း ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ဈေးငွေအဆိုပြုလွှာများကို ပေးပို့လျှောက်ထားနိုင်ခြင်း၊ ဝါလုပ်ငန်းရှင်များအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ဈေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ဈေးငွေအဆိုပြုလွှာများကို ပေးပို့လျှောက်ထားနိုင်ခြင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံချက်များကို လျှောက်ထားနိုင်ခြင်းတို့ကို အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုကဲ့သို့ အထူးဈေးငွေနှင့် ဈေးငွေအစီအစဉ်များ၊ စက်အရန်ပစ္စည်းနှင့် စက်ကိရိယာများ တင်သွင်းခွင့်ရရှိရေး အစီအစဉ်များသည် ဝါလုပ်ငန်းစက်မှုနှင့် MSME စက်မှုလုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာဖြစ်ပေါ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးမှုနှင့်အတူ ဝါကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆက်တစ်လျှောက်ရှိဆက်စပ်ပါဝင်သူအားလုံး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့် ဝါတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် နိုင်ငံတော်က ဖော်ဆောင်ပေးသည့် အခွင့်အလမ်းများကို ရယူကာ ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်ခြင်းဖြင့် မိမိတို့၏လူမှုစီးပွားဘဝ၊ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၁၄-၇-၂၀၂၆ ထုတ်သတင်းစာများ

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်၌ မေတ္တာအခါတော်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ ပါဝင်သည့် ပန်းစေတီကပ်လှူပူဇော်ပွဲ ထည့်သွင်းကျင်းပမည်



ယခင်နှစ်က မေတ္တာအခါတော်နေ့ကျင်းပနေသည်ကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်၌ မေတ္တာအခါတော်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ ပါဝင်သည့် ပန်းစေတီကပ်လှူပူဇော်ပွဲကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၂၈ ရက်)တွင် ကျရောက်မည့် မေတ္တာအခါတော်နေ့ အခမ်းအနားကို ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

"မေတ္တာအခါတော်နေ့မှာ ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲ ထည့်သွင်းကျင်းပမှာ ဖြစ်ပါတယ်။ မနက် ၅ နာရီခွဲမှာ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ဝင်တွေ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းတွေနဲ့ ဝန်ထမ်းတွေက ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တွေနဲ့ အရုဏ်ဆွမ်းကပ်လှူပူဇော်ကြမှာ ဖြစ်ပါတယ်။ မနက် ၆ နာရီမှာ ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်းမှာ မေတ္တာအခါတော်နေ့ အခမ်းအနား ကျင်းပမှာဖြစ်ပါတယ်။ မနက် ၇ နာရီမှာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းကနေ ပန်းစေတီတွေကို ပင့်ဆောင်ပြီး ရင်ပြင်တော် တစ်ပတ်လှည့်လည် ပူဇော်ကြမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ မှုခ်လေးမုခ်က ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ အထက်ပစ္စယံက ပတ္တမြားမျက်ရှင်ရုပ်ပွားတော်ကို ပန်းစေတီတွေနဲ့ ပူဇော်မှာဖြစ်ပါတယ်"ဟု ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ASH

# Better Than The Movies ဝတ္ထုကို ရုပ်ရှင်အဖြစ်ရိုက်ကူးရန် စီစဉ်ထား

နယူးယောက် ဩဂုတ် ၃

စာရေးဆရာမ လင်းပိန်တာ၏ Better Than The Movies အမည်ရှိ ဝတ္ထုကို ရုပ်ရှင်အဖြစ် ရိုက်ကူးရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး ဘီးရားထရစ်ကစ်ဆော့နှင့် မင်းသား ဒေးဗစ်အိုင်ကိုနိုတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Better Than The Movies ဇာတ်ကားသည် အချစ်ဟာသရုပ်ရှင်ဇာတ်ကားများကို အစွဲကြီးစွဲနေသော အမျိုးသမီးငယ်တစ်ဦးနှင့် အိမ်နီးချင်းလူငယ်တစ်ဦးတို့၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Better Than The Movies ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဂျူလီယာဟာ့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဟီသာဖလန်ဒါနှင့် ဂျော်ဒန်ဟိုရိုးဝစ်တို့က ရေးသားပေးထားသည်။

အမျိုးသမီး ဒါရိုက်တာ ဂျူလီယာဟာ့သည် Netflix ကုမ္ပဏီ၏ Don't Say Good Luck အမည်ရှိ ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# ကံဧည့်သည် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ ဒုတိယပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

ရန်ကုန် ဩဂုတ် ၃

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကံဧည့်သည် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ ဒုတိယပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ကံဧည့်သည် ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ မယ်မင်းဘုံထံမှ သိရသည်။

အဆိုပါ ကံဧည့်သည် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညီချောနှင့် မယ်မင်းဘုံတို့က ရေးသားထားပြီး သီလံကဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။



"ဒီဇာတ်ကားမှာတော့ ခိုင်နှင်းဝေကို ဒေါ်ရွှေမအဖြစ် တွေ့ရမှာဖြစ်သလို ညီနန္ဒကိုလဲ ဦးပေါက်ကျိုင်းအဖြစ် မြင်ရမှာဖြစ်ပါတယ်။ သူတို့ နှစ်ယောက်စလုံးကို ချမ်းသာကြွယ်ဝပြီး ငွေဂုဏ်မောက်သူတွေအဖြစ် မြင်ရမှာဖြစ်ပါတယ်။ အဓိက ပေးချင်တဲ့ မက်ဆေ့ကတော့ လူတစ်ယောက်နဲ့ တစ်ယောက်တွေ့ဆုံကြတယ်ဆိုတာ ကံတူလို့ ဆုံတွေ့ကြသလို၊ ကံကုန်ရင်လဲ ခွဲခွာကြရမြဲပါ။ အရာအားလုံးဟာ ကံတရားရဲ့ ခဏတာ ဧည့်သည်တွေ ဆိုတာပါပဲ"ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

ကံဧည့်သည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ရှိန်းတင့်ထူး၊ ညီနန္ဒ၊ အောင်ခိုင်၊ ဆင်မ၊ ရွှေမိုး၊ ငွေတိုး၊ သန့်ဇင်၊ အေးချမ်း၊ ဖုန်းမြင့်ဇော်၊ ဧည့်သရုပ်ဆောင် ကျော်ထက်အောင်၊ ခိုင်နှင်းဝေ၊ ရွှေသမီး၊ ဆုအိမ်စံ၊ စိုးမိုးကြည်၊ ရွှေပုံ၊ အေးအေးအောင်၊ ဝါဝါအောင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Catch ဇာတ်ကား၌ ခရစ်ဖလမ်းမင်းနှင့် အိုင်ရီနာရှက်တို့ ပါဝင်မည်

နယူးယောက် ဩဂုတ် ၃

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Catch ဇာတ်ကားတွင် မင်းသား ခရစ်ဖလမ်းမင်းနှင့် မင်းသမီး အိုင်ရီနာရှက်တို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

The Catch ဇာတ်ကားတွင် ခရစ်ဖလမ်းမင်းနှင့် အိုင်ရီနာရှက်တို့သည် မင်းသား အမ်မာစတုန်း၊ ခရစ်ပိုင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Catch ဇာတ်ကားသည် ဘော့စ်ဘော အားကစားလောကနောက်ခံ အချစ်ဟာသ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Catch ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ယူနီဗာဆယ်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

The Catch ဇာတ်ကားကို ဒါရိုက်တာ ဒေ့မက်ကာရီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျန်စတက်စကီးက တာဝန်ယူရေးသားပေးထားသည်။

The Catch ဇာတ်ကားကို ၂၀၂၇ ခုနှစ် မေ ၂၁ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တေးသံရှင် ဖြိုးကြီး၊ ဝေလ၊ ဆုန်သင်းပါရ်တို့၏ The Monsoon Live Concert တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၃

တေးသံရှင် ဖြိုးကြီး၊ ဝေလ၊ ဆုန်သင်းပါရ်တို့၏ The Monsoon Live Concert တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဩဂုတ် ၁၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဝေလထံမှ သိရသည်။

အဆိုပါ The Monsoon Live Concert တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဖြိုးကြီး၊ ဝေလ၊ ဆုန်သင်းပါရ်တို့၏ လူသိများထင်ရှားခဲ့သည့် တေးသီချင်းများကို အကောင်းဆုံး သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး Mercury IX Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၁၁ ရက်ညမှာ The Monsoon Live Concert အမည်နဲ့ တေးဂီတဖျော်ဖြေပွဲမှာ ကျွန်တော်တို့နဲ့အတူ Mercury IX Band ကလဲ အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမှာ ဖြစ်ပါတယ်။ အမိုက်စား တီးခတ်မှုတွေနဲ့အတူ အကောင်းဆုံး သီချင်းတွေကို အတူတူ သီဆိုကြဖို့ Judson Entertainment Bar ကို လှမ်းခဲ့ပါလို့ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဝေလက ပြောပြသည်။

တေးသံရှင် ဖြိုးကြီး၊ ဝေလ၊ ဆုန်သင်းပါရ်တို့၏ The Monsoon Live Concert တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ Judson Entertainment Bar ၏ ပင်တိုင် တေးသံရှင်များကလည်း ဝန်းရံသီဆို ဖျော်ဖြေပေးကြမည်ဖြစ် ကြောင်း သိရသည်။

ASH

# Press Release

### President of the Republic of the Union of Myanmar H.E. U Min Aung Hlaing to make Official Visit to Kingdom of Thailand

At the invitation of Prime Minister of the Kingdom of Thailand His Excellency Mr. Anutin Charnvirakul, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing will pay an Official Visit to the Kingdom of Thailand in the near future.

During the visit, the President of Myanmar will meet with the Prime Minister of Thailand and hold bilateral talks, meet with the Acting President of the National Assembly of the Kingdom of Thailand. Additionally, the President will receive representatives from economic organizations and will attend the Business Forum.

During the visit, the President will engage in cordial and open exchange of views to the further consolidation of the existing friendly relations and implementation of mutually beneficial cooperation in economic, cultural, and other areas between the two governments and peoples.

The President will be accompanied by Union Ministers and officials during the visit.

# Some EAOs transport online scam/gambling operators by vehicle in Kyaukkhut area to Myanmar-Thai border for fees

**Nay Pyi Taw August 3**

The government has taken steps to eliminate online scams and gambling by actively placing a special emphasis on elimination and prevention of them from taking their bases in Myanmar in cooperation with neighbouring countries, regional countries and international organizations.

A news report was released on 27 July that Tatmadaw columns, taking regional security measures in Myawaddy township in Kayin State in doing so, engaged in fighting with so-called KNLA and PDF terrorist insurgent alliance groups, which have provided shelter to online scam/gambling operators for fees, leading to the arrest of 777 individuals including 620 male Chinese citizens, 11 female Chinese citizens,three female Thai citizens, 32 male Myanmar citizens and 111 female citizens and seizure of one star link dish, 85 assorted computer sets and 183 assorted phones used in online scams/gambling.

The detainees were reportedly transported to Myawaddy and are being interrogated in accordance with the law, rules and regulations. On completion of interrogation, action will be taken against them effectively and severely in accordance with the existing laws and seized paraphernalia will be dealt with in accordance with rules and regulations.



**This photo shows some armed ethnic groups reportedly collecting fees from those running illegal online gambling operations, and facilitating their illegal onward transport near Kyaukkhut area in Myawaddy, Kayin State.**

Furthermore, it was learnt that about 210 foreign citizens who were involved in online scams/gambling in Kyaukkhut village in Myawaddy township were transported by vehicle by some EAOs by charging fees along Kyaukkhut-Wallay route to Myanmar-Thai border, about 2,600 meters southwest of Wallay, on 17 and 18 July to enable them to return to their relevant countries via Thailand and they fled to Thailand by crossing the border.

The government has been actively cooperating with neighboring and regional countries and international organizations to expose and take action against those who are involved in online scams and gambling and pull the strings behind the scene effectively and severely. Moreover, measures are being taken to repatriate foreigners who were in trouble due to various reasons and trafficked foreigners to their relevant countries as soon as possible.

100

# ICRC Resident Representative to Myanmar Meets Daw Aung San Suu Kyi



**Nay Pyi Taw August 3**

Mr. Arnaud de Baecque, the ICRC Resident Representative to Myanmar, met with Daw Aung San Suu Kyi this morning.

MNA

**Mr. Arnaud de Baecque, the ICRC Resident Representative to Myanmar, meets with Daw Aung San Suu Kyi.**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Budalin Township grows 100% cultivation of banana this year



A banana plantation.

**Budalin August 3**

According to the township Agriculture Department, local farmers have planted all sown acreage of banana plantations in Budalin Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Budalin Township has targeted the cultivation of 2,696 acres of banana plantations. Planting began in May this year, and as of today, the entire targeted acreage has been successfully planted.

"This monsoon season, Budalin Township set a target of planting 2,696 acres of bananas. Planting has been carried out as planned, and as of today, 100 percent of the target acreage has been completed. Recently, banana cultivation has also been expanding into paddy fields. Pest and disease incidence has generally remained low," said U Phyo Wai, Head of the Budalin Township Department of Agriculture.

According to local banana growers, around 1,000 banana plants are cultivated per acre. Production costs up to the fruit-bearing stage amounted to approximately K2 million per acre, while returns at harvest average around K5 million per acre.

The Budalin Township Department of Agriculture is also conducting field-level extension activities to promote Good Agricultural Practices (GAP), including raising awareness of the risks posed by chemical residues, encouraging the use of only registered pesticides, and ensuring that they are applied strictly according to the recommended rates stated on product labels to support the production of safe food crops. 206

# More than 17,000 acres of rainfed paddy planted in YeU Township

**YeU August 3**

Statistics of YeU Township Agriculture Department stated that local farmers grew more than 17,000 acres of rainfed paddy in YeU Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, YeU Township has targeted the cultivation of 81,672 acres of rainfed paddy. Planting began in July this year, and as of today, a total of 17,417 acres have been planted.

"This year's monsoon cropping season, YeU Township has set a target of cultivating more than 81,000 acres of rainfed paddy. As of today, more than 17,000 acres have already been planted. We are working to ensure that the full target acreage is achieved. We will provide the necessary technical assistance and quality seeds for rainfed paddy cultivation. Our staff members are also conducting field visits to help farmers complete planting on time," said Daw Aye Nyein Thant, Head of the YeU Township Department of Agriculture.

During this year's monsoon cropping season, the Township Department of Agriculture and local farmers have been working together to ensure that rainfed paddy is cultivated systematically and without difficulties.

The YeU Township Department of Agriculture is also providing farmers with technical guidance on paddy cultivation, raising awareness on pest prevention and control, helping minimize crop losses, and advising farmers to ensure that harvested paddy is moved under shelter in a timely manner.

To ensure successful crop establishment and high yields from this year's rainfed paddy fields, staff from the YeU Township Department of Agriculture are conducting field extension activities, including promoting the use of certified quality seed, monitoring for pest infestations, proper land preparation and weeding, rouging off-type plants, and the systematic application of chemical fertilizers, along with other recommended agricultural practices. 206

# Myinmu Township finishes cultivation of more than 5,000 acres of oil crops this year

**Myinmu August 3**

Myinmu Township Agriculture Department stated that local farmers grew more than 5,000 acres of varieties of oil crops in the township this year.

In 2026-27 monsoon cultivation season, local authorities earmarked cultivation of 47,065 acres of oil crops as monsoon crops. Local farmers have so far planted 5,292 acres of oil crops.

"This year's monsoon cropping season, Myinmu Township has targeted the cultivation of more than 47,000 acres of oilseed crops. As of today, more than 5,000 acres have already been planted. We are working to ensure that the full target acreage is achieved. The oilseed crops are progressing well, and we are also promoting the expansion of oilseed cultivation throughout the area," said U Soe Paing, Head of the Myinmu Township Department of Agriculture.

This year, a total of 5,292 acres of oilseed crops have been planted in Myinmu Township, comprising 343 acres of groundnut, 4,545 acres of sesame, and 404 acres of sunflower.

During the 2026-2027 monsoon cropping season, Myinmu Township has set a target of cultivating a total of 47,065 acres of oilseed crops, including 25,985 acres of groundnut, 19,050 acres of sesame, and 2,030 acres of sunflower.

The Myinmu Township Department of Agriculture will provide awareness and technical support to oilseed farmers to help expand the cultivated area, adopt improved cultivation techniques and Good Agricultural Practices (GAP), use certified quality seeds, and grow high-yielding crop varieties.

In addition, to ensure the successful growth of oilseed crops in Myinmu Township, staff members from the Township Department of Agriculture are conducting field inspections, monitoring for pest and disease infestations, checking weed conditions, and maintaining pest surveillance records to help farmers achieve healthy and productive crops. 206

# Iran says talks with Oman focused on designating temporary route for safe shipping in Hormuz Strait

**Tehran August 3**

Iranian Foreign Ministry spokesman Esmaeil Baghaei said Monday negotiations between Iran and Oman are focused on reaching an agreement on designating a "temporary" route to ensure safe shipping in the Strait of Hormuz.

"The negotiations have been focused on the idea that the southern route, which passes through Oman's waters, and the northern route, which passes through Iran's territorial waters, would turn into an intermediate route," Baghaei said at a weekly press conference in Tehran.

He said the talks are centered on a round-trip corridor, not two or three separate routes, and the intermediate route will be used temporarily until a permanent one is finalized.

The waterway's closure stems not from differences between Iran and Oman, but from U.S.-Israeli "military aggression" against Iran, Baghaei said, adding the strait's status will stay unchanged as long as Washington continues its "malicious" actions against the country.

Speaking at a cabinet meeting in Tehran on Sunday, Iranian Foreign Minister Seyed Abbas Araghchi said the negotiations between Iran and Oman are in their final stages, according to the official news agency IRNA.

Xinhua

# S. Korea-U.S. communication error leads to near-interception of U.S. drone near inter-Korean border

**Seoul August 3**

A communication error between South Korean and U.S. military officials nearly led to the interception of a U.S. military drone flying near the inter-Korean border last week, Yonhap news agency said Monday.

An unidentified official with South Korea's Joint Chiefs of Staff (JCS) told local reporters that the incident was caused by a lack of proper reporting and a reliance on informal communication habits at the working level.

The JCS investigations found that the U.S. military notified a South Korean official in the army's 1st corps about its drone flight plan via a mobile text message on July 29, the day before a combined South Korea-U.S. military exercise in Paju near the demilitarized zone (DMZ) separating the two Koreas.

The South Korean official replied that there was no restriction but failed to report or share the information with superiors or higher commands because the official assumed it involved a low-altitude drone flight, which fell under the first corps' discretionary authority.

The U.S. drone, however, flew higher than anticipated, prompting the South Korean military unaware of the approved flight to misidentify it as an unidentified flying object and prepare for a potential interception.

Official protocol requires flight plans to be submitted in advance via official documents in order to obtain approval from either the air force operations command or the ground operations command.

Xinhua

# စင်ကာပူနိုင်ငံ ST Engineering ကုမ္ပဏီက ကာကွယ်ရေးသုံးဂြိုဟ်တုဆက်သွယ်ရေးစနစ်တပ်ဆင်ရန် ဖောက်သည်နိုင်ငံများနှင့်စာချုပ်ချုပ်ဆို



စင်ကာပူနိုင်ငံအခြေစိုက် ST Engineering ကုမ္ပဏီသည် ကာကွယ်ရေးသုံး ဂြိုဟ်တုဆက်သွယ်ရေးစနစ် တပ်ဆင်ရန် အာရှနှင့် ဥရောပဒေသရှိ ဖောက်သည် နိုင်ငံများနှင့် စာချုပ်များချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

အဆိုပါကုမ္ပဏီသည် လုံခြုံရေး အကြောင်းပြချက်အရ စာချုပ် ချုပ်ဆိုသည့် ဖောက်သည်နိုင်ငံအမည်ကို ထုတ်ဖော် ပြောကြားခြင်းမရှိကြောင်း သိရသည်။

အရှေ့တောင်အာရှဒေသတွင် ရရှိခဲ့သည့် စာချုပ်များအနက်တစ်ခုသည် ဒေသတွင်းနိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေး ဝန်ကြီးဌာနအတွက် ရေတပ်ဂြိုဟ်တု ဆက်သွယ်ရေးစနစ်ကို အဆင့်မြှင့်တင် ပေးမည့်စီမံကိန်းဖြစ်သည်။ အဆိုပါ စနစ်တွင် သင်္ဘောပေါ်ရှိ ဂြိုဟ်တု ဆက်သွယ်ရေးစက်များကို ဂြိုဟ်တု၏ လွှမ်းခြုံရေိယာများကြား အလိုအလျောက် ပြောင်းလဲချိတ်ဆက်ပေးနိုင်သည့် နည်းပညာကိုအသုံးပြုထားသဖြင့် ရေတပ် သင်္ဘောများနှင့် ကွပ်ကဲမှုဌာနများကြား ဆက်သွယ်မှုကို အဆက်မပြတ်ထိန်းသိမ်း နိုင်မည်ဖြစ်သည်။

အခြားစာချုပ်တစ်ခုတွင် စစ်မြေပြင် တွင် လျင်မြန်စွာ ဖြန့်ကျက်အသုံးပြုနိုင် သည့် ကာကွယ်ရေးဆက်သွယ်ရေးစနစ် များကို တည်ဆောက်ပေးသွားမည်ဖြစ် သည်။ ၎င်းစနစ်တွင် အပေါ့စားကျစ်လျစ် သော ဂြိုဟ်တုဆက်သွယ်ရေးများ၊ ဗဟိုချုပ်ကိုင်ကွန်ရက်စီမံခန့်ခွဲမှုစနစ်နှင့် ကုဒ်ဝှက်ထားသော လုံခြုံရေးဆက်သွယ် ရေးများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပဒေသတွင်ရရှိခဲ့သည့် စာချုပ် တစ်ခုတွင် အနောက်ဥရောပနိုင်ငံ တစ်နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးဌာန အတွက် အမေရိကန်စစ်ဘက်၏ Wideband Global SATCOM (WGS) ကွန်ရက်နှင့်အညီ ချိတ်ဆက်အသုံးပြု နိုင်မည့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ အဆိုပါစနစ် သည် ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုအသံ ဆက်သွယ်ရေးနှင့် မဟာမိတ်ပူးပေါင်း စစ်ဆင်ရေးဆက်သွယ်မှုများကို လုံခြုံ စိတ်ချစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားသည်။

ထို့ပြင် ဥရောပရှိ လေကြောင်းနှင့် ကာကွယ်ရေးနည်းပညာ ကုမ္ပဏီတစ်ခုက လည်း ရေတပ်စီမံကိန်းတစ်ရပ်တွင် အသုံးပြုရန် ST Engineering ကုမ္ပဏီခွဲ တစ်ခု၏ နည်းပညာကို ရွေးချယ်ခဲ့သည်။ ၎င်းစီမံကိန်းတွင် သင်္ဘောတင်အင်တင်နာ စနစ်၊ အလိုအလျောက် ပြောင်းလဲ ချိတ်ဆက်နိုင်မှုနှင့် အလွှာစုံပေါင်းစုံ လုံခြုံရေးစနစ်တို့ကို ပေါင်းစပ်အသုံးပြု ကာ ရေကြောင်းဆက်သွယ်ရေးလုံခြုံမှုကို မြှင့်တင်သွားမည်ဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင် ST Engineering သည် အမေရိကန်နိုင်ငံအခြေစိုက် Shield AI ကုမ္ပဏီနှင့်ပူးပေါင်း၍ Hivemind ဉာဏ်ရည်တုအခြေပြု ကိုယ်ပိုင် ထိန်းချုပ်ဆော့ဖ်ဝဲကို ရွေးချယ်ထားသော ကာကွယ်ရေး ပလက်ဖောင်းများတွင် ပေါင်းစပ်အသုံးပြုနိုင်ရေး လေ့လာ သုံးသပ်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဉာဏ်ရည်တု (AI) နည်းပညာကို အသုံးပြု၍ မောင်းသူမဲ့စနစ်များ၏ ကိုယ်ပိုင်လမ်းကြောင်းရှာဖွေနိုင်မှု၊ စက်ပေါ်တွင် အလိုအလျောက် ဆုံးဖြတ်ချက်ချနိုင်မှုနှင့် စစ်ဆင်ရေးတာဝန်များကို အလိုအလျောက် ဆောင်ရွက်နိုင်မှုတို့ကို လက်တွေ့စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ST Engineering Wins Defense Satellite Communications Contracts in Asia, Europe ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန်ပြည်တွင်းကုမ္ပဏီနှစ်ခုပူးပေါင်း၍ OBERON စစ်ဆင်ရေးကွန်ရက်တွင် Black Widow ဒရုန်းအသုံးပြုခဲ့



အမေရိကန်နိုင်ငံ ပြည်တွင်းကုမ္ပဏီ များဖြစ်သော Red Cat Holdings နှင့် C3A Solutions တို့ပူးပေါင်း၍ OBERON စစ်ဆင်ရေးကွန်ရက်တွင် Black Widow ဒရုန်းကို အသုံးပြုခဲ့ကြောင်း The Drone Front သတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပူးပေါင်းမှုကြောင့် Black Widow ဒရုန်းသည် ခေတ်မီစစ်မြေပြင်တွင် ရှေ့တန်းစောင့်ကြည့်၊ ထောက်လှမ်းရေး နှင့် သတင်းအချက်အလက်စုဆောင်းရေး တာဝန်များကို ထမ်းဆောင်နိုင်သည့်အပြင် ပစ်မှတ်ရှာဖွေတွေ့ရှိမှုမှ တိုက်ခိုက်မှုထိ ချိတ်ဆက်ထားသည့် စစ်ဆင်ရေးကွန်ရက် ၏ အရေးပါသောအစိတ်အပိုင်းတစ်ခု အဖြစ် ပါဝင်ဆောင်ရွက်နိုင်သည်။

အလေးချိန် နှစ်ကီလိုဂရမ်ခန့်ရှိသော Black Widow ဒရုန်းသည် ဗီဒီယို မှတ်တမ်းများ၊ ခြိမ်းခြောက်မှုဆိုင်ရာ အချက်အလက်များနှင့် ထောက်လှမ်းရေး သတင်းများကို OBERON စစ်ဆင်ရေး ကွန်ရက်သို့ ပေးပို့နိုင်သဖြင့် ပစ်ခတ် တိုက်ခိုက်ရေးညှိနှိုင်းမှု၊ ပစ်မှတ်သတ်မှတ် မှုနှင့် အခြားစစ်ဆင်ရေးလုပ်ငန်းစဉ်များ ကို ပိုမိုလျင်မြန် ထိရောက်စွာ ဆောင်ရွက် နိုင်မည်ဖြစ်သည်။

OBERON စစ်ဆင်ရေးကွန်ရက်စနစ် ကို ဖန်တီးတီထွင်ထားသည့် C3A Solutions ကုမ္ပဏီသည် အမေရိကန်ကြည်းတပ် အတွက် ဒစ်ဂျစ်တယ်ပစ်ခတ်တိုက်ခိုက် ရေးစနစ်များ၊ စစ်မြေပြင်ဆက်သွယ်ရေး နှင့် စစ်ဆင်ရေးကွန်ရက်များကို အထူးပြု ပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကုမ္ပဏီ တစ်ခုဖြစ်သည်။

C3A Solutions ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်နှင့် တည်ထောင်သူက C3A Solutions ကုမ္ပဏီ၏ အားသာချက်မှာ နည်းပညာများကို စစ်မြေပြင်တွင် ချက်ချင်းအသုံးပြုနိုင်သည့် စွမ်းရည်အဖြစ် ပြောင်းလဲပေးနိုင်ခြင်းဖြစ်သည်။ အာရုံခံ ကိရိယာများ၊ ရေဒီယိုဆက်သွယ်ရေးစနစ် များနှင့် ပစ်ခတ်တိုက်ခိုက်ရေးစနစ်များကို ချိတ်ဆက်ပေးခြင်းဖြင့် စစ်ဆင်ရေး အတွင်း သတင်းအချက်အလက်စီးဆင်းမှု ကို ပိုမိုချောမွေ့စေပြီး ခေတ်မီစစ်ပွဲ၏ မြန်ဆန်သော အရှိန်အဟုန်နှင့်အညီ တပ်ဖွဲ့များ လိုက်လျောညီထွေဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း သိရသည်။

Red Cat Holdings ကုမ္ပဏီကလည်း ယခုပူးပေါင်းဆောင်ရွက်မှုသည် ၎င်း၏ ဒရုန်းစနစ်များကို လက်ရှိနှင့် အနာဂတ် စစ်ဘက်ဆိုင်ရာနည်းဗျူဟာကွန်ရက်များ နှင့် အပြည့်အဝချိတ်ဆက်အသုံးပြုနိုင်စေ ရန်ရည်ရွယ်သည့် မဟာဗျူဟာကို ပိုမို ခိုင်မာစေကြောင်း သိရသည်။

Red Cat ကုမ္ပဏီ၏ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Jason Gunter က ခေတ်သစ်စစ်မြေပြင် တွင် အသာစီးရရှိမှုသည် ရန်သူကိုတွေ့ရှိ ချိန်မှ ဆုံးဖြတ်ချက်ချသည့်အချိန်ထိ ထောက်လှမ်းရေး အချက်အလက်များ မည်မျှလျင်မြန်စွာ ရွေ့လျားနိုင်သည်ဆို သည့်အပေါ်မူတည်ကြောင်း၊ C3A ကုမ္ပဏီ နှင့်ပူးပေါင်းဆောင်ရွက်မှုသည် သီးခြား ဒရုန်းစနစ်များထက် စစ်မြေပြင်၌ အပြန် အလှန် ချိတ်ဆက်လုပ်ဆောင်နိုင်သော စွမ်းရည်များ တည်ဆောက်ရေးဟူသည့် ရေရှည်မျှော်မှန်းချက်ကို အကောင် အထည်ဖော်ပေးခြင်းဖြစ်ကြောင်း ပြော ကြားခဲ့သည်။

ယခုနည်းပညာပေါင်းစပ်မှု မတိုင်မီ အမေရိကန်စစ်ဘက်သည် ဉာဏ်ရည်တု (AI) နည်းပညာအသုံးပြုထားသော Black Widow ဒရုန်းအုပ်စုကို လက်ခံအသုံးပြုခဲ့ ပြီး ပေါက်ကွဲစေတတ်သော ခြိမ်းခြောက်မှု များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် မြေပြင် ပုံရိပ်ဖော်မြေပုံများ ထုတ်လုပ်ရာတွင် အသုံးချလျက်ရှိသည်။

ထို့ပြင် ယခုနှစ်အစောပိုင်းတွင် Red Cat Holdings ကုမ္ပဏီသည် NATO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံနှင့် အာရှ-ပစိဖိတ်ဒေသရှိ ဖောက်သည်တစ်နိုင်ငံထံသို့ Black Widow ဒရုန်းများ တင်သွင်းပေးရန် စာချုပ်များ လည်း ရရှိထားကြောင်း သိရသည်။

**Red Cat Links Black Widow Small Drone to Tactical Strike Network ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



ဘုတလင် ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၆၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငှက်ပျောကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ငှက်ပျော ၂၆၉၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ငှက်ပျောကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရပါတယ်။ ဒီလိုစိုက်တာဟာ များသောအားဖြင့် ပိုးမွှားရောဂါကျရောက်မှုလဲ သက်သာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ငှက်ပျောစိုက်တောင်သူများ အနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောအပင် ၁၀၀၀ ခန့် စိုက်ပျိုးပြီး တစ်ဧကလျှင် အသီးသီးသည့်ထိ စိုက်ပျိုးစရိတ်ငွေကျပ် သိန်း ၂၀ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့် ပြန်လည်ရရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ငါးပြေမပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးပြေမပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးအမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဇွန်လက ငါးပြေမပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လတစ်လအတွင်း ငါးပြေမပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ငါးပြေမတွေ ရန်ကုန်ဈေးကို ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။



ကျိုက်လတ်မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာများပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတဲ့ ငါးပြေမတွေကလတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေး ငါးပြေမနှစ်မျိုး အများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာ ရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် ထပ်မံတိုးချဲ့မွေးမြူလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဒိုက်ဦးမြို့နယ် ဘုရားကြီးကွင်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဒိုက်ဦး ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးကွင်းကျေးရွာ၌ ကျေးရွာတွင်းဂဝံမြေလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ဘုရားကြီးကွင်းကျေးရွာ၌ ကျေးရွာတွင်းဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်း ဂဝံမြေလမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ဘုရားကြီးကွင်းကျေးရွာ၌ လမ်းအရှည် ပေ ၉၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ၏ အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ်သိန်း ၁၆၀ အသုံးပြုပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ဘုရားကြီးကွင်းကျေးရွာရှိ အိမ်ခြေ ၁၈၃ အိမ်မှ လူဦးရေ ၈၆၉ ဦးတို့၏ သွားလာရေးလွယ်ကူ အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

ကိုညို



လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဇလွန်မြို့နယ် မီးလောင်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



ဇလွန် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘိုတရာကျေးရွာအုပ်စု မီးလောင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေမျိုးဟန်က မီးလောင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သော်ဇင်ထူး


တိုဗီ-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌဦးကျောက်ကော်အန်း၊ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရုန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုး ဆက်ဆံရေးရုံးတာဝန်ခံ ဦးကျောက်ညီရန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များတက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့တွေ့ဆုံဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီးနောက်ပိုင်း “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)နှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် ပန်ဆန်းမြို့ တွေ့ဆုံဆွေးနွေးပွဲမှ ဆွေးနွေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်တင်ပြပေးခဲ့ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)နှင့် ပိုမိုကောင်းမွန်သည့် နိုင်ငံရေးအခင်းအကျင်းများရရှိလာရေးအတွက် အသေးစိတ်ဆက်လက်ဆွေးနွေးပေးစေလိုကြောင်းနှင့် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတရာထူးတာဝန်ထမ်းဆောင်ခြင်းကို ထပ်လောင်းဂုဏ်ပြုအပ်ပါကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးဟူသော အခြေခံမူကို တစိုက်မတ်မတ်စောင့်ထိန်းကာ ပြည်ထောင်စုစနစ်အတွင်း အခြေပြု၍ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံတော်အစိုးရကရှေ့ဆက်လက် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံပြီး သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန် အမြဲလိုက်နာ ကျင့်သုံးလျက်ရှိကြောင်းနှင့် ပြည်သူလူထု၏လုံခြုံမှုကို အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစေကာ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုစသည့် အမျိုးမျိုးသောပြစ်မှုဆိုင်ရာများကို ပြင်းပြင်းထန်ထန်တိုက်ဖျက်နှိမ်နင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၏ နိုင်ငံရေးလိုလားချက်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်နိုင်မည့်အစီအမံများကို ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က နိုင်ငံတော်အစိုးရရှေ့ဆက်လက် ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာမူဘောင်ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်က ပန်ဆန်းမြို့၌ NSPNC ဥက္ကဋ္ဌအဖွဲ့နှင့် UWSP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်ဖက်အကြား အဆင့်မြင့်တိုက်ရိုက်ဆက်သွယ်ဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး နေပြည်တော်သို့ ရောက်ရှိဆွေးနွေးနိုင်မှုအဆင့်ထိရောက်ရှိစေခဲ့ကြောင်း၊ NSPNC နှင့် UWSP အကြား ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုထားရှိခြင်းဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အကောင်အထည်ဖော်မှုအပေါ် ပိုမိုအထောက်အကူဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသို့ ဦးတည်ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအပေါ်အခြေခံပြီး လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်နိုင်ရေးတို့ကိုဆွေးနွေးပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ(၂/၂၀၂၆) အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃

ချေးငွေအစီအစဉ်တွင် ခွင့်ပြုထားသည့် ဘဏ် ၁၀ ဘဏ်နှင့် Finance Company နှစ်ခုအနက် ယနေ့အစည်းအဝေးတွင် ဘဏ်ခြောက်ခုနှင့် Finance Company တစ်ခုတို့က တင်ပြလာသည့် ချေးငွေအမှုတွဲ ၁၁ ခုကို တင်ပြခဲ့ရာ နိုင်ငံ့ဝန်ထမ်း သုံးဦးနှင့် လုပ်ငန်းခုနစ်ခု အပါအဝင် စုစုပေါင်းချေးငွေ ၁၀ ခု အတွက် ချေးငွေပမာဏငွေကျပ် ၆ ဒသမ ၈၆ ဘီလီယံကိုဗဟိုကော်မတီအဖွဲ့ဝင်များက စိစစ်အတည်ပြုခဲ့ကြောင်း အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ(၂/၂၀၂၆) အစည်းအဝေးမှ သိရသည်။



အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ထည့်ဝင်ပံ့ပိုးသောရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များပံ့ပိုးနိုင်ရန်အတွက် ယခုရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာသောချေးငွေများကို ချေးငွေဆိုင်ရာ စံပြုလုပ်ငန်းစဉ် SOP ပါ စံသတ်မှတ်ချက်များနှင့်အညီစိစစ်၍ ဆုံးဖြတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းများဖြစ်သည့်အတွက် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများနှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၃**

တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်တွင်းပြည်ပ အလုပ်အကိုင်များ ရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာသူများကို အလုပ်အကိုင်ရရှိစေရေး မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA) နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန၌ ကျင်းပသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အစည်းအဝေးမှ သိရသည်။

ထို့ပြင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ပသို့ အလုပ်သမားစေလွှတ်ခြင်းများကို ပိုမိုမြန်ဆန်စေရေးအတွက် မလိုအပ်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ပိုမိုကောင်းမွန်သည့် ပြည်ပလုပ်သားဈေးကွက်ရရှိစေခြင်းနှင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်မှုပိုမိုရရှိစေခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း လုပ်သားအင်အားဆုံးရှုံးမှုမရှိစေရေးကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ကော်မတီက ချမှတ်ပေးထားသော လုပ်ငန်းစဉ်များ အောင်မြင်အောင် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့်အကြံပြုချက်များရှိပါက အသိပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ စည်းကြပ်သည့်ဥပဒေနှင့် အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးတွင် ဆွေးနွေးမည့် အမှာစာကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးရွာလူထု၏ စည်းလုံးညီညွတ်မှုအားဖြင့် ကျေးရွာဘက်စုံဖွံ့ဖြိုးရေး ဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၃**

ကျေးရွာလူထု၏ စည်းလုံးညီညွတ်မှုအားဖြင့် ကျေးရွာဘက်စုံဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်ကျသောစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေရေးနှင့် အသင်းသားတောင်သူများစိုက်ပျိုးသည့် သီးနှံအလိုက်လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာခန်းမ၌ သမဝါယမအသင်းသားတောင်သူများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဝက်မွေးမြူရေးလုပ်ငန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း RBF စီမံကိန်းရန်ပုံငွေဖြင့် အစုအဖွဲ့စနစ် ကျွဲမွေးမြူရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် စက်ချုပ်သင်တန်းတက်ရောက်အောင်မြင်ပြီး တစ်နိုင်တစ်ပိုင်စက်ချုပ်လုပ်ငန်းတို့ကိုကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



◆ **နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်မှ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေခြင်းကြောင့်လည်းကောင်း၊မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် နှိုးဆော်ထားသည်။ **(မိုး/ဇလ)**

## ယာဉ်အို၊ ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုးလျှပ်စစ်သုံးယာဉ်များတင်သွင်းရေး အသိပေးကြေညာချက်

မော်တော်ယာဉ်များထုတ်လုပ်ခဲ့သည့်ခုနှစ်ကြာမြင့်ပြီး အိုမင်းဟောင်းနွမ်းသော မော်တော်ယာဉ်များသည် စက်သုံးဆီပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း၊ ယာဉ်များ၏ကြံ့ခိုင်မှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခြင်း၊ ယာဉ်မှပိုမိုထွက်သောမီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ ကျော်လွန်ယာဉ်များ၊ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရန်ပြင်ဆင်၍ မရနိုင်သည့်ယာဉ်များနှင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ မကျော်သော်လည်း မိမိဆန္ဒအရ အပ်နှံလိုသည့်ယာဉ်များကို အပ်နှံယာဉ်၏တန်ဖိုးနှင့်အညီ လျှပ်စစ်သုံးယာဉ်(EV)ယာဉ်များကို အစားထိုးလဲလှယ်နိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် ဖျက်သိမ်းယာဉ်ထောက်ခံချက်ပုံစံ(ဃ)တင်ပြပါက အပ်နှံသည့်ယာဉ်အမျိုးအစားအလိုက် သင့်လျော်သော လျှပ်စစ်သုံးယာဉ်(EV)တစ်စီးကို အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကစိစစ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျသင့်မည့်နိုင်ငံခြားငွေများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## မြန်မာအသင်းနှင့် လာအိုအသင်းယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃**

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ်၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းပါဝင်သည့် အုပ်စု(ဘီ)ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် လာအိုအမျိုးသားဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဩဂုတ် ၄ ရက်(**ယနေ့**) ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)








ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပစဉ်။

☆ ကျောဖုံးမှအဆက်

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-



"ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၇)က ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ ဝင်ရောက်ခဲ့တာပါ။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေကို ချမှတ်ထားတဲ့အပေါ် နိုင်ငံသားတိုင်းရဲ့ တာဝန်လို့ တာဝန်ရှိတဲ့အတွက် ဒီဥပဒေကို ချမှတ်ထားတယ်လို့ပဲ ထင်ပါတယ်။ အခုလို အခြေခံစစ်ပညာတွေကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ကျွန်တော်တို့ ကိုယ်တိုင်အတွက်ရော နောက်ပြီးတော့ မိသားစုအတွက်ရော တိုင်းပြည်အတွက်ရော ကာကွယ်နိုင်မယ်လို့ထင်ပါတယ်။ ဒီသင်တန်းကာလမှာ ဆရာတွေ သင်ပေးတဲ့ သင်ခန်းစာမှန်သမျှကို အကောင်းမွန်ဆုံး လေ့ကျင့်ဖြစ်အောင် လေ့ကျင့်လိုက်နာပြီးတော့ ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတွေနဲ့လဲ တန်းတူညီတူ အကုန်လုံးဖြစ်အောင် အကောင်းဆုံး လိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ "ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်တော်ကတော့ အဲ့ဒီစိတ်ဓာတ် အဲ့ဒီလိုမျိုး စိတ်ဓာတ်ခံယူပြီးတော့ ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

"ကျွန်တော် စစ်သားတစ်ယောက်ဖြစ်ချင်လို့ပါ။ ကိုယ့်ခံယူချက်နဲ့ ကိုယ့်ဘာသာဝင်လာတာပါ။ ကျွန်တော့်အစ်ကိုလဲ ရှေ့အပတ်စဉ်တုန်းက ဝင်သွားတာ ရှိတယ်။ စစ်မှုထမ်းဖို့ ကျွန်တော်တို့ကို လူခေါ်တယ်လေ။ ဒါကြီးကို ရှောင်လွှဲနေလဲ အချိန်တန်ရင် ကိုယ့်အလှည့်ကျလာမှာပဲ။ ကိုယ့်ဘာသာ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ့်ဘာသာဝင်လိုက်တာက အကောင်းဆုံးပဲထင်တယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်ဝင်ဖြစ်တာပါ။ ကျွန်တော် နောက်လာမယ့် အပတ်စဉ်က ညီအစ်ကိုများလဲ လာခဲ့ပါ။ ဘာမှမကြောက်ပါနဲ့။ အဲ့ဒါပဲပြောချင်ပါတယ်"ဟုပြောသည်။

"ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်းမြို့ကနေ လာရောက်တက်ရောက်ပြီး စစ်မှုထမ်းဆောင်တာ ဖြစ်ပါတယ်။ ကိုယ်တိုင်လဲစိတ်ပါလို့ လာရောက်တက်ရောက်တာပါ။ ဆရာတွေ သင်ကြားပို့ချပေးတာတွေကို သေချာ အကောင်းဆုံး ကျွန်တော်တို့လိုက်နာမှာပါ။ အမေကတော့ အကောင်းဆုံးကြိုးစားပေ့ါ။



သင်တန်းသုံးလမှာ ဆရာတွေရဲ့ စကားကိုလဲနားထောင်ဖို့။ အဖေက စစ်သားပါဗျ။ အဖေကလဲမှာတယ်။ စစ်သားလုပ်ရင် အမိန့်ကိုနာခံပါ။ နောက်ထပ်ဝင်ဖို့ရှိတဲ့ ညီအစ်ကိုတွေကို ကြိုဆိုပါတယ်။ ဒီမှာ တော်တော်ကောင်းပါတယ်"ဟု ပြောသည်။ (၅၀၁)

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY 2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# သပိတ်ကျင်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် ချီးမြှင့်ငွေများ ပေးအပ်



မန္တလေး ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ်ရှိ ရွှေဝါဝင်းခန်းမတွင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က သပိတ်ကျင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်၏လိုအပ်ချက်များနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြောကြားကြပြီး ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုအားဖြင့် တက်ညီလက်ညီ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ကဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းနှင့် အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဦးဝင်းမြင့်၊ ဒေါ်သင်းသင်းချိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်ပြီး တရားမအထူးအယူခံမှုအမှတ် ၄၈/၂၀၂၅(ရန်ကုန်)၊ ၈/၂၀၂၆(ကချင်)၊ ၁၈/၂၀၂၆ (ရန်ကုန်)နှင့် ၁၉/၂၀၂၆(ရန်ကုန်)၊ စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့အတူ တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၆ (မန္တလေး)၊ ၁၂/၂၀၂၆ (ရန်ကုန်)၊ ၁၃/၂၀၂၆ (မန္တလေး)၊ ၂၀/၂၀၂၆ (ဧရာဝတီ) နှင့် ၂၄/၂၀၂၆(မွန်) စုစုပေါင်း တရားမအထူးအယူခံမှုငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ အလှူငွေများ ပေးအပ်လှူဒါန်းနိုင်

၁၉၉၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ယခု(ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု) ချီးမြှင့်ပွဲအခမ်းအနားကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် ၃၂ ကြိမ်မြောက်အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပခုက္ကူတစ်သက်တာစာပေဆုရရှိသူ စာရေးဆရာကြီး နှစ်ဦးအပါအဝင် ဆုရရှိသူစုစုပေါင်း ၁၇ ဦးကို ဆုချီးမြှင့်မည်ဖြစ်သည်။

ပခုက္ကူစာပေဆုများကို မူလအလှူရှင် ပခုက္ကူ ဦးအုံးဖေ လှူဒါန်းခဲ့သော ငွေကျပ် ၇၆ သိန်းအပေါ်တွင်အခြေခံ၍ စာပေကိုချစ်မြတ်နိုးသူ အလှူရှင်များ၏ ထပ်ဆင့်လှူဒါန်းငွေများဖြင့် အဆိုပါစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုအရ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေဆုရန်ပုံငွေများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းလျက် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ မြန်မာစာပေထွန်းကားပြန့်ပွားရေးကို ဦးတည်လျက် ရန်ပုံငွေများလှူဒါန်းလိုပါက ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဖုန်း ၀၉-၉၇၃၆၅၃၆၂၅၊ အတွင်းရေးမှူး ဖုန်း ၀၉-၅၁၉၃၇၂၄၊ ရုံးအဖွဲ့ ဖုန်း ၀၉-၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

# အသက် ၁၀၃ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

မြစ်ကြီးနား ဩဂုတ် ၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သားဒေါင်လွမ်း (အငြိမ်းစား)ကို မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၃ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက အသက် ၁၀၃ နှစ်ပြည့် တပ်သားဒေါင်လွမ်း (အငြိမ်းစား)ကို ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက်ဆုံးရှုံးနေရ”** ခေါင်းစဉ်ဖြင့် ၅-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၂-၈- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှ အညာ PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၃

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၆ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့ဖြင့် ဩဂုတ် ၁၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး တိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၃

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော တိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် ဇူလိုင် ၁၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၃

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းရှိ အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် အားကစားသမားများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အင်းတိုင်တပ်နယ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် ဝဋ်မြစ်ရေကာတာကျိုးပေါက်၍ လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝဋ်မြစ်ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၁ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# သပိတ်ကျင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၃

မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်း တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများ၊ အရာရှိ စစ်သည်များကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ လာရောက်တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃

ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှမြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude de Baqque က ယနေ့ နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ငှက်တစ်ကောင်ဖြင့်တိုက်ခိုက်မှု(Bird Strike )ဖြစ်ပွားခဲ့ပြီး မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၃

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၅ နာရီ ၁၆ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၏ အရှေ့တောင်ဘက် မီတာ ၈၅၀၀ ခန့်အကွာ ညောင်နှစ်ပင်ကျေးရွာအနီးသို့အရောက် ငှက်တစ်ကောင်ဖြင့် တိုက်ခိုက်မှု(Bird Strike) ဖြစ်ပွားပြီး အင်ဂျင်ခန်းအတွင်းသို့ ဝင်ရောက်သဖြင့် အင်ဂျင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးအနေဖြင့် လေယာဉ်၏ အနေအထားကို လူနေအိမ်ရှင်းသည့် အရပ်မျက်နှာဘက်သို့လှည့်၍ Eject ပြုလုပ်၍ ခုန်ထွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့်နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် လေယာဉ်ပေါ်တွင်လိုက်ပါလာသည့် လေယာဉ်အမှုထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၃-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၃ | ၅၅၇ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၈၈၅,၅၈၈.၈၈ | ၂,၉၀၂,၈၇၄.၀၁ | ၂၅,၉၆၀,၅၆၀.၀၇ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ကား၊ ဆိုင်ကယ် အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ သန်းကို စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### ❖ ဖူဆယ်ပြိုင်ပွဲမှ

အားကစားသမားများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ယခုပြိုင်ပွဲမှ တစ်ဆင့်ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းပေးအပ်ပြီး ယနေ့ပြိုင်ပွဲပွဲစဉ်များအဖြစ် ဖူဆယ်အမျိုးသား အုပ်စုပတ်လည်ပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၂၅ သင်းတို့က ဩဂုတ် ၃ ရက်မှ ၁၄ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ရှေ့ဖုံးမှအဆက်

နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

### ❍ E-Sports ကမ္ဘာ့ဖလားပြိုင်ပွဲမှ

Yangon Galacticos(YG) MLBB အသင်းသည် အုပ်စုပထမပွဲစဉ်၌ ဆော်ဒီအာရေဗျနိုင်ငံမှ Geekay E-Sports အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စုဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ PRO E-Sports အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှုံးထွက်ကွာတားဖိုင်နယ်ပွဲစဉ်တွင် PRO E-Sports အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဖိလစ်ပိုင်နိုင်ငံမှ Falcons PH E-Sports အသင်းကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်ခဲ့သော်လည်း ရုရှားနိုင်ငံမှ Team Spirit အသင်းကို လေးပွဲ သုံးပွဲဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်းသည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် China Southern Airlines, CZ-3055 လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။ STA

# အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်ဆဲ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းရှိ အဆောက်အအုံများ၊ နိုင်ငံပိုင် စက်၊ ယာဉ်ယန္တရားများ၊ ဆက်စပ်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများ၊ မီးစက်များ၊ အရည်အသွေးထိန်းသိမ်းရေးရုံးရှိ ပစ္စည်းကိရိယာများ၊ မိုးလေဝသနှင့် ဇလဗေဒတိုင်းတာရေးစခန်းရှိ တိုင်းတာရေး ကိရိယာပစ္စည်းများ၊ နိုင်ငံခြားမှ တင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို ခိုးယူ၊ ဖျက်ဆီးခြင်းခံခဲ့ရကာ ကျောက်မဲမြို့ စီမံကိန်းအခြေစိုက် စခန်းအတွင်းရှိ ရုံးအဆောက်အအုံ တစ်လုံးနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းနေအိမ် တစ်လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခုအချိန်တွင် ကျောက်မဲမြို့ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုကြောင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ငွေကျပ် သန်း ၈၀၀ ခန့်၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အဆောက်အအုံများနှင့် မြို့ပြတည်ဆောက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်၊ ယာဉ်ယန္တရားများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအတွက် ငွေကျပ် ၂၆ ဘီလီယံခန့်ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် နိုင်ငံခြားမှတင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသိရှိနိုင်ရန် အဆိုပါပစ္စည်းများတင်သွင်းတပ်ဆင်ရန် စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံထားသော နိုင်ငံခြားကုမ္ပဏီနှင့် ဌာနမှကျွမ်းကျင်အင်ဂျင်နီယာ ပညာရှင်များပူးပေါင်း၍ အသေးစိတ်စစ်ဆေးခြင်းနှင့် တန်ဖိုးသင့်တွက်ချက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နယ်မြေလုံခြုံရေး အခြေအနေများကောင်းမွန်ပြီးနောက် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းသို့ သက်ဆိုင်ရာ တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဝန်ထမ်းများပူးပေါင်း၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဦးစွာဆောင်ရွက်ခဲ့ပြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့၍ ကျောက်မဲမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးပြန်လည်ရရှိသည်နှင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ထရန်စဖော်မာများပြန်လည်တပ်ဆင်၍ ဓာတ်အားလိုင်းများပြန်လည်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်စခန်းတွင် စီမံကိန်းအဝင်လမ်းများ ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ စီမံကိန်းရှင်းလင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာများ **စာမျက်နှာ ၂၃ သို့**

## အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတည်နေရာပြပုံ




ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၏ တောင်ဘက်(၂၀)မိုင်ခန့်အကွာ မြစ်ငယ်မြစ်ပေါ်တွင် တည်ရှိပါသည်။

## ကျောက်မဲမြို့ပေါ်အခြေစိုက်စခန်းဝင်း ဖျက်ဆီးခံခဲ့ရမှုနှင့် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ




တပ်မတော်မှမိုင်းရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု




စက်ယန္တရားအသုံးပြု၍ သစ်ပင်ချုံနွယ်များဖယ်ရှားရှင်းလင်းခြင်း




လက်ထောက်ညွှန်ကြားရေးမှူးရုံးမီးရှို့ဖျက်ဆီးခံခဲ့ရသည့် အခြေအနေ




လက်ထောက်ညွှန်ကြားရေးမှူးရုံးပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် အခြေအနေ

## အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်စခန်းရှိ ပျက်စီးဆုံးရှုံးမှုများ




စီမံကိန်းလုပ်ငန်းခွင်အတွင်း တပ်မတော်မှမိုင်းရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု




ဓာတ်အားခွဲရုံအတွင်းရှိ စက်ခလုတ်ခုံများဖျက်ဆီးခံထားရသည့်အခြေအနေ




ပျက်စီးသွားသည့်စီမံကိန်းချဉ်းကပ်လမ်းကို ပြန်လည်ပြုပြင်နေမှုအခြေအနေ




33kVဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ

**စာမျက်နှာ ၂၂ မှအဆက်**

ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေမီးရရှိရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ပျက်စီးဆုံးရှုံးခဲ့မှုများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှကျခံ၍ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၏ တောင်ဘက်မိုင် ၂၀ ခန့်အကွာ တောင်ခြေကျေးရွာအနီး ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်) ပေါ်တွင်တည်ရှိသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း (မဂ္ဂါဝပ် ၂၈၀) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၅၃ ဒသမ ၉၅ ရာနှုန်းကို ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ပျမ်းမျှလျှပ်စစ်ဓာတ်အား ယူနစ် ၁၄၀၉ သန်း နှစ်စဉ်ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံ လူဦးရေ ၃ ဒသမ ၇ သန်းကို လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကြောင့် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုများကို အသေးစိတ်စစ်ဆေးခြင်း ဆောင်ရွက်နေပုံ




စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုများကို အသေးစိတ်စစ်ဆေးခြင်း ဆောင်ရွက်နေပုံ

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော ၁၁ နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်းရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်ထိ ရှစ်နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ် လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်း ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ၊ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များကို လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ၊ သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများပြတင်းပေါက်များကို ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့်အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသောမြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင် အလွယ်တကူကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနဲ့ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနဲ့ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ သုံးပုံ နှစ်ပုံထိမြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်ကို ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ် ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်ရဲ့ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့် ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စင်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စင်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ကယ်မိုးရာတွင် တစ်ချပ်နှင့် တစ်ချပ် လေးလက်မခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့် တစ်ခု တစ်ဆက်တစ်စပ်တည်းစနစ်တကျချိတ်ဆက်ထားပါ။ နေအိမ်ရဲ့ တိုင်၊ ယက်မနှင့် ဆင့်များကို မူလီဖြင့် သေချာစွာတွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများထည့်၍အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များကို တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သောစားပွဲ သို့မဟုတ် ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**❑ ကျောက်ခတ်ဒေသမှ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများသည် ကျောက်ခတ်ဒေသအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို အခကြေးငွေရယူ၍ အကာအကွယ်ပေးထားသည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသားဦးရေ ၆၂၀၊ အမျိုးသမီး ၁၁ ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီးသုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၇၇၇ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် star link ဇန်း တစ်ခု၊ ကွန်ပျူတာမျိုးစုံ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည့်သတင်းကို ဇူလိုင် ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေရယူ၍ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့မှုပြမြေပုံ။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို မြဝတီမြို့သို့ ပို့ဆောင်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ကရင်ပြည်နယ် မြဝတီမြို့ ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေကြသူများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင်ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။





ထို့ပြင် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ဦးရေ ၂၁၀ ခန့်ကို ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ထိုင်းနိုင်ငံမှ တစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ နေရပ်ပြန်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများရယူကာ မော်တော်ယာဉ်များဖြင့် တင်ဆောင်ပြီး ကျောက်ခတ်-ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏အနောက်တောင်ဘက် မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မြန်မာ-ထိုင်းနယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ခင်ဦး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၂၆၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် တင်း ၈၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ စပါးကေ ၂၆၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေ အခုလက်ရှိကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာတွေ၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကကတစ်ငါးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကကတစ်ငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကကတစ်ငါးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကကတစ်ငါးပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ကကတစ်ငါးပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာလို့ တင်ပို့မှုကောင်းခဲ့တာပါ။ တင်ပို့မှုအားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေအဆင်ပြေနေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။



ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါးတစ်ပိဿာလျှင် အရွယ်အစားပေါ် မူတည်၍ ငွေကျပ် ၂၅၀၀၀ မှ ၄၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ကကတစ်ငါးအများအပြား တင်ပို့ရောင်းချ နေရခြင်းကြောင့် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

## မကွေးမြို့နယ် သမန်းတော(တ)ကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် သမန်းတော(တ)ကျေးရွာ၌ ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ မဇ္ဈူအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ သမန်းတော(တ)ကျေးရွာ၌ ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာကို လုပ်ငန်းများ အားလုံး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သမန်းတော(တ)ကျေးရွာ၌ အရှည် ၇ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ မြေသားခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်း၊ အဆိုပါ ကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်ရေကျော်တစ်စင်းနှင့် Slab Cul-vert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို မဇ္ဈူအောင်ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၆ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ဒေသထွက်ကုန် သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

## ပြည်ထောင်စုမြန်မာပြည်

– မြန်မာ့ရှုခင်း စိတ်ရင်းဂုဏ်အင်
ကြီးကျယ်မွန်မြတ် စိတ်ခတ်လှပယဉ်
သမိုင်းလမ်းစဉ် လမ်းထွင်ဖွံ့ထွား
လှပတင့်တယ် ရှုချင်ဖွယ်
အံ့ဖွယ်ဌာန ဂုဏ်များသည်နှင့်လေး။

– ပြည်ထောင်စုသား လက်များတွဲကာ
ရှေ့ဆက်စည်းလုံး ရွှင်ပြုံးဝေဝေဆာ
လုပ်ငန်းညီညာ မှန်စွာကောင်းဘက်
ဓလေ့ထုံးစံ ပြည့်နှုန်းမှန်
မွမ်းမံကြိုးစား တိုးတက်သည်နှင့်လေး။

– နိုင်ငံအတွက် ထမ်းရွက်တာဝန်
တို့ပြည်သူများ လှုပ်ရှားကြိုးပွားရန်
ကောင်းဖို့အမှန် ပြုကြံမနေး
သာယာပါစေ မြန်မာ့မြေ
ဆုခြွေတောင်းပြု အားမွေးသည်နှင့်လေး။

– နိုင်ငံ့ရင်သွေး ဂုဏ်မွေးလျက်တည်
ကမ္ဘာ့ည်းတံဆိပ် ရိုက်နှိပ်ကောင်းဖို့ရည်
ငြိမ်းချမ်းဝေစည် ရွှေပြည်တော်မြတ်
လှမ်းချီကြလို အားဖြည့်ကြို
ထုဆစ်ဖွင့်ထုတ် ဂုဏ်ထပ်သည်နှင့်လေး။

– အနာဂတ်မြန်မာ မှန်စွာလှတော့မည်။
– ကဗျာစပ်ရာ သဏ္ဌာန်ဟာလှပေ့ါအတည်။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

## ကြို့ပင်ကောက်မြို့နယ် စိန်တွင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်တွင်းမြိုင်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၃၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိန်တွင်းမြိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# ဘယ်စာအုပ်တွေ ရှိစေသင့်သလဲ

မောင်နှင်းဆီ

**"To think is easy. To act is hard. But the heardest thing in the world is to act in accord–ance with your thinking.**

**Knowing is not enough; we must apply. Willing is not enough; we must do.**

**Character develops itself in the stream of life."**

**John Wolfgang von Goethe**
**(German Poet)**

**"စဉ်းစားတွေးခေါ်ဖို့ရာက လွယ်ပါတယ်။ လုပ်ဖြစ်ဖို့သာ ခက်တာပါ။ သို့တစေ ကမ္ဘာပေါ်မှာအခက်ခဲဆုံးအရာကတော့ ကိုယ်တွေးဆထားတဲ့အတိုင်း လိုက်နာပြီး တကယ်လုပ်ဆောင်နိုင်ရန်ဖြစ်ပါတယ်။**

**သိရုံမျှနဲ့က မလုံလောက်ပါ။ ဘဝမှာအသုံးချကြရမှာ။ စိတ်ဆန္ဒရှိနေရုံမျှနဲ့လဲ မလုံလောက်ပါ။ မိမိတို့က လုပ်ဆောင်ကြရမှာ။**

**ကိုယ်ကျင့်စာရိတ္တဆိုတာကတော့ ဘဝရေစီးကြောင်းမှာ သူ့အလိုလို ဖွံ့ဖြိုးလာပါလိမ့်မယ်။"**

**ရှောင် ဝုဖ်ဂန်း ဗွန် ဂေါ်ထေး(၁၇၄၉–၁၈၃၂)**

ရပ်ထဲရွာထဲမှာ ရပ်ရွာခေါင်းဆောင်လူကြီးတွေက သိကြပြီးသားပါ။ ဘာလို့လဲဆိုတော့ ရပ်ရွာအလိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေ ဖွင့်ကြပါ။ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း စာကြည့်တိုက်တွေရှိကြရင် လူတွေစာဖတ်ဖို့ရာ လွယ်ကူတာပေါ့။ ရပ်သူရွာသားတွေအလွယ်တကူစာဖတ်ကြရင် အသိပညာမြင့်မားလာပြီး လာမယ့် ၂၁ ရာစုမှာ ပညာခေတ်ရောက်တော့ မိမိတို့နိုင်ငံသားတွေ အမြော်အမြင်ရှိနေကြမှာပေါ့။

စာကြည့်တိုက်အောင်မြင်ချင်ရင် အခြေခံသဘောတရားနဲ့ကိုက်ညီအောင် အကောင်အထည်ဖော်မှုဖြစ်တယ်။ မြို့တိုင်းရွာတိုင်းက ထွေအုပ်တွေကလဲ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ပြောတယ်။ ပြန်ကြားရေး မြို့နယ်ဦးစီးမှူးတွေကလည်း လှည့်လည်ရှင်းပြခဲ့ကြတယ်။ လွယ်လွယ်မှတ်မိအောင် ဘီငါးလုံးလို့ ပြောကြတာပဲ။

1. Building **အဆောက်အအုံ**
2. Books **စာအုပ်**
3. Budget **အသုံးစရိတ်၊ ရန်ပုံငွေ၊ ငွေကြေး**
4. Brain **ဦးဆောင်၊ စာကြည့်တိုက်ကော်မတီ၊ စာကြည့်တိုက်မှူး**
5. Borrower **စာအုပ်ငှားသူ၊ စာဖတ်သူ**

အခြေခံသဘောတရားငါးခု ပြည့်စုံကြသဖြင့် နှစ်ကာလတိုက်စားမှုဒဏ်ကိုကြံ့ကြံ့ခံကာ အောင်မြင်စွာရှင်သန်နေကြသော စာကြည့်တိုက်ပေါင်းရာချီ၍ ရှိကြပေသည်။ မိမိစိတ်ထဲမှာ လျှပ်တစ်ပြက်ပေါ်လာသော စာကြည့်တိုက်များမှာ ဖျာပုံမြို့ မြစ်ကူးတံတားကြီးအဆင်းတွင် ထင်ထင်ရှားရှားတွေ့မြင်နိုင်သော ဆရာဇော်ဂျီစာကြည့်တိုက် (ဆရာကြီးဇော်ဂျီ ဦးသိန်းဟန်(၁၉၀၇–၁၉၉၀)သည် ဖျာပုံမြို့သား)၊ ပခုက္ကူမြို့ အရှေ့စာသင်တိုက်ကြီးအနီးရှိ ပခုက္ကူဦးအုံးဖေစာကြည့်တိုက် (ခေးပြလူဆိုးဘဝမှ ထောင်ထဲရှိ စာကြည့်တိုက်မှာစာဖတ်ရင်း ဘဝကိုအမည်းမှအဖြူသို့ ကူးပြောင်းနိုင်သဖြင့် ပခုက္ကူမြို့ လူချမ်းသာတစ်ဦးပင်ဖြစ်လာခဲ့သည့် စာကြည့်တိုက်အလှူရှင် ပခုက္ကူဦးအုံးဖေ(၁၉၁၇–၁၉၉၅))၊ မအူပင်မြို့နယ် လေးအိမ်စုရွာ မင်္ဂလာစာကြည့်တိုက် လေးအိမ်စုဆရာတော် အရှင်ဝိစိတ္တသာရ ဦးဆောင်မှုဖြင့် နှစ်ပေါင်း ၃၀ တိုင်အောင် တိုးတက်ရှင်သန်နေဆဲ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် စသည်တို့က အားရကြည်နူးစရာပါ။ အလားတူစာကြည့်တိုက်များ ရာထောင်ချီကာရှိနေကြဆဲပင်။

သို့ရာတွင် အဆောက်အအုံက နွားတင်းကုပ်ဘဝရောက်။ စာအုပ်တွေက ပျောက်ပျက်၊ ပျက်စီး။ ငွေကြေးရန်ပုံငွေလည်းမရှိ။ ဦးဆောင်ကြီးကြပ်သူလည်း မည်မည်ရရမရှိတော့။ စာအုပ်ငှားသူ၊ စာဖတ်သူကားဝေးလေစွ။ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ငါးသောင်းကျော် ကိုယ့်အားကိုယ်ကိုးထူထောင်ခဲ့၊ ရုန်းကန်ခဲ့ကြသော်လည်း မရှင်သန်နိုင်ရှာပါပေ။

ပကတိအခြေအနေကတော့ လက်တွေ့ဘဝ အဖြေကပေးခဲ့သော မှတ်သားပြုပြင်စရာသင်ခန်းစာတွေ ကောင်းစွာရခဲ့ခြင်းသာ ကြီးမားသောအမြတ်ဖြစ်ခဲ့ပေတော့၏။ ကျရှုံးမှုများသည် စိတ်ပျက်အားငယ်နောက်ဆုတ်ကြရန်မဟုတ်ပါ။ အတားအဆီး၊ အခက်အခဲ၊ အကျပ်အတည်းများသည်ပင်လျှင် ဖြတ်ကျော်

**❖ လူထုစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ ရပ်ကွက်ကျေးရွာဒေသအလိုက်စာကြည်တိုက်တွေအနေနှင့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်တိုးတက်ရေး စသည့်ဗဟုသုတမျိုးစုံနှင့် နှလုံးသားနူးညံ့စေမည့်စာအုပ်မျိုးကို ရွေးချယ်စုဆောင်းပေးသင့်ပါသည်။ အကြမ်းဖက်မှုကိုအားပေးသော၊ ဝါဒမှိုင်းတိုက်သော၊ ပါတီစွဲလွန်ကဲသော စာအုပ်စာစောင်မျိုးနှင့်အဆိပ်အတောက်စာပေမျိုးမထားသင့်ပါ။ အထူးသဖြင့် တရားဝင်ထုတ်ဝေခွင့်မရှိသော စာရွက်စာတမ်းမျိုးနှင့် ဥပဒေမလွတ်ကင်းသည့် စာအုပ်စာစောင်များကို မထားရှိရပါ။ ရာဇဝတ်ဘေးကို ဝေးဝေးရှောင်ရမည်။ ❖**

အောင်မြင်စေသည့် တိုက်ပွဲဝင်ခွန်အား ဖွဲ့သတ္တိကို လေ့ကျင့်ပေးသော အကျိုးပြုချက်များမဟုတ်ပေလော။ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲပမာ တစ်ယောက်မှတစ်ယောက်၊ မပျောက်ပျက်၊ မသွေဖည်ဘဲ ခရီးဆက်လက်ချီတက်ရမည်သာ။

ကောင်းသော၊ အကျိုးရှိသောလုပ်ရပ်ပင်မှန်စေ၊ အများနှင့်စုပေါင်းလုပ်ဆောင် အကောင်အထည်ဖော်ရသောလုပ်ငန်းမှန်သမျှသည် အတက်အကျရှိစမြဲ။ လောကဓံသဘောအရ အပျက်နှင့်အပြုနှစ်ခုနှစ်မျိုးကို ကြုံကြရစမြဲမဟုတ်လား။

ဖဆပလပြည်တော်သာရမည်ခေတ်ကလည်း လူထုပညာရေးမြို့တွေရွာတွေမှာ စာကြည့်တိုက်တွေ ထူထောင်နိုင်စေရန် စာပေဗိမာန်၊ ဘာသာပြန်စာပေအသင်းက နိုင်ငံတကာအဆင့်မီ နှစ်ငါးဆယ်စာအုပ်တွဲတွေ ဖြန့်ဝေပေးခဲ့ဖူးပါ၏။ အထိုက်အလျောက်တော့ ကောင်းကျိုးရှိခဲ့ကြသော်လည်း သင်္ခါရ၊ အနိစ္စ၊ အနတ္တသဘောအရ ရွေ့လျောပျောက်ကွယ်ခဲ့ကြသည်သာ။ အားသစ်မာန်သစ်အခြေအနေသစ်မှာ နှစ်ဆယ့်တစ်ပညာခေတ်၊ နည်းပညာခေတ်မှာစာအုပ်စာပေသာမက အွန်လိုင်းမီဒီယာပါ သုံးစွဲနိုင်ကြစေရန် လေ့ကျင့်ပညာပေးနိုင်ကြရပါလိမ့်မည်။ ထိုအခါ လျှပ်စစ်မီးမှန်မှန်ရဖို့ရာ လိုအပ်ကြပေမည်။ နိုင်ငံအဝန်း အနယ်နယ်အရပ်အရပ် မီးမပြတ်ရဖို့ရာကား မလွယ်ကူလှသေးပေ။

လွတ်လပ်ရေးရစကပင် အလင်္ကာကျော်စွာဆရာမြို့မငြိမ်းက **"လျှပ်စစ်အားအသုံးများတဲ့ပြင် တွင်တွင်ကျယ်ကျယ် ထက်အောက်မြေတစ်ခွင်"** စသဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်ကပင် တေးသီချင်းဂီတဖြင့် အစိုးရနှင့်ပြည်သူကို အမြော်အမြင်ကြီးစွာ သူက ကမ္ဘာကြည့်ကြည့်မြင်နိုင်သူ(စာအများကြီးဖတ်ထားသူမို့ အနာဂတ်ကိုအဝေးကြီးကြိုမြင်နေသည်လေ)ပီပီ အလေးအနက်သတိပေးခဲ့ပါ၏။ သို့သော် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး လွှမ်းခြုံသော လျှပ်စစ်မီးရရှိရေးကို အစိုးရအဆက်ဆက်က နိုင်သမျှ၊ စွမ်းသမျှ ကြိုးစားခဲ့ကြပါသော်လည်း လက်နက်ကိုင်သောင်းကျန်းသူအဖျက်သမားအမျိုးမျိုးက (အသိဉာဏ်နည်းလှစွာ)တာဝါတိုင်တွေမိုင်းခွဲ၊ ထရန်စဖော်မာတွေကို ဖျက်ဆီး၊ လျှပ်စစ်မီးလိုင်းတွေကိုဖျက်ဆီး၊ ရပ်ရွာတွေမီးရှို့ စသည်ဖြင့် ဖျက်ဆီးနှောင့်ယှက်လို့ပဲမပြီးနိုင်။ ပလိုင်းပေါက်နှင့်ဖားကောက်နေရသလိုပင်။ (ပလိုင်းပေါက်၊ အိတ်ပေါက်တွေနှင့်ခက်၏။)

ဤစာ၏အဖွင့်မှာ ဖော်ပြခဲ့သော ဂျာမန်ကဗျာဆရာကြီးဂေါ်ထေး(၁၇၄၉–၁၈၃၂)ဆိုသူသည် စာရေးသူထက် အသက် နှစ် ၂၀၀ ကြီးသော ၁၈ ရာစုက ကမ္ဘာကျော်စာရေးဆရာ ကဗျာဆရာကြီးပညာရှိကဝိဖြစ်၏။ သူ၏ကဗျာများ၊ စာများကြောင့် ဉာဏ်ရည်တိုင်းတာတွက်ချက်ကြသူ စိတ်ပညာရှင်များက ဉာဏ်ရည်ပြကိန်း ၁၄၀ သတ်မှတ်ထား၏။ ဉာဏ်ကြီးရှင်ပါရမီရှင်(Genius)ဉာဏ်ရည်ထက်မြက်သူအဖြစ် အဲလ်ဘတ်အိုင်းစတိုင်း(သိပ္ပံပညာရှင်၊ ရူပဗေဒပညာရှင်)တို့နှင့်တန်းတူထားလေသည်။

**လူထုစာကြည့်တိုက်များအောင်မြင်ရှင်သန်ရေးမှာ အဓိကအချက်ကား လူသားအရင်းအမြစ်ဖြစ်၏။** စာအုပ်ငှားမည့်သူ၊ စာဖတ်သူများက လေးစားခံရသူ၊ ယုံကြည်ရသူ၊ အားကိုးသူများကိုရွေးချယ်၍ သင့်လျော်သူကို ညီညီညွတ်ညွတ်လက်တွဲစေပြီး တိုးတက်အောင် လုပ်ဆောင်စေသင့်သည်။

ဦးစီးဦးဆောင်သူကောင်းလျှင် ထိုကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်က ရှင်သန်အောင်မြင်ပါလိမ့်မည်။ သူကိုယ်တိုင်က စာမဖတ်၊ ပေမဖတ်၊ စာပေအသိပညာနည်းပါးသူကို ဘာရာထူးလုပ်ဖူးသူမို့၊ ငွေကြေးချမ်းသာကြွယ်ဝသူမို့ အထင်ကြီးပြီး ခေါင်းဆောင်မရွေးသင့်။ Good reader is a good leader။ စာအုပ်စာပေတွေမှာ ဘာသာရပ်မျိုးစုံရှိလေသည်။ ပြန်ကြားရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ယဉ်ကျေးမှုဝန်ထမ်းများ၊ ရပ်ရွာကောင်းကျိုးကို အမှန်တကယ် ပရဟိတဆောင်ရွက်နိုင်ကြသူများ အားလုံးက ညီညွတ်စွာ(စုပေါင်းအင်အားဖော်ထုတ်၍)တိုးတက်ရှင်သန်အောင် ဦးဆောင်သင့်လေသည်။

အနီးအဝေး၊ အလေးအပေါ့၊ အပျော့အမာ၊ အလျှော့အတင်း၊ အပြင်းအပျော့ ခွဲခြားတတ်ရမည်။ လူအများနှင့် အဆင်ပြေပြေဆက်ဆံတတ်ရမည်။ စိတ်ကောင်းရှိရမည်၊ ရိုးသားရမည်၊ စိတ်ရှည်ရမည်။ တစ်ကိုယ်ကောင်းမဆန်လွန်းအောင်၊ ကိုယ်ကျိုးရှာမသမာမှုမရှိရန် ထိန်းကျောင်းကြရမည်။

**ဘယ်လိုစာအုပ်မျိုးတွေ ထားပေးသင့်သလဲ။**

လှူချင်သူ အလှူရှင်တွေက စာအုပ်များဝယ်ပေးပြီး ကူညီလှူဒါန်းပံ့ပိုးချင်ကြသည်။ ဘယ်လိုစာအုပ်က မိမိဒေသလူများအတွက် သင့်တော်သနည်း၊ စာအုပ်ရွေးတတ်ဖို့လိုပေသည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် အထောက်အကူရစေနိုင်မည့် ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာများကို ထားသင့်သည်။ သုတစာပေ၊ ရသစာပေ၊ စာကောင်းပေမွန်များကိုရွေး၍တင်ထားကြရမည်။ စာပေဆုရစာအုပ်များ၊ နာမည်ကျော်ကြားသည့်စာအုပ်များ၊ ထင်ရှားသည့်စာရေးဆရာကြီးများ၏စာအုပ်များ ဦးစားပေး၍ဝယ်သင့်၏။ လူအများစု သို့မဟုတ် အရွယ်မရွေး၊ လူတိုင်းဖတ်သင့်သောစာအုပ်ကောင်းတွေ(မရှိသေးလျှင်)ဝယ်ယူဖြည့်တင်းသင့်လေသည်။ ဝါစဉ်အစီအစဉ်မကျလှသော်လည်း စိတ်ထဲပေါ်ရာဝယ်သင့်သော စာရေးဆရာ၊ ဆရာမများ၏အမည်ကို အကြံပြုဖော်ပြလိုက်ပါသည်။ အခြားအမည်မပါသည့် စာရေးဆရာ၊ ဆရာမများ၏စာအုပ်ကို မဝယ်ရဟုမဆိုလိုပါ။ စာဖတ်သူအတွက် အကျိုးကျေးဇူးအမှန်တကယ်ရနိုင်လျှင် ဝယ်သင့်ပါသည်။ (ဥပမာတင်ပြခြင်းပါ။)

၁။ ရွှေဥဒေါင်း၊ ၂။ ပီမိုးနင်း၊ ၃။ ဇော်ဂျီ၊ ၄။ ဒဂုန်ဦးထွန်းမြင့်၊ ၅။ ဒဂုန်ရွှေမျှား၊ ၆။ မူဝံ၊ ၇။ တက္ကသိုလ်ဘုန်းနိုင်၊ ၈။ လူထုဒေါ်အမာ၊ ၉။ ဂျာနယ်ကျော်မမလေး၊ ၁၀။ မောင်ခင်မင်(ဓနုဖြူ)၊ ၁၁။ လယ်တွင်းသားစောချစ်၊ ၁၂။ မစန္ဒာ၊ ၁၃။ ခင်နှင်းယု၊ ၁၄။ ခင်ဆွေဦး၊ ၁၅။ သော်တာဆွေ၊ ၁၆။ သိန်းဖေမြင့်၊ ၁၇။ မြသန်းတင့်၊ ၁၈။ ဇဝန၊ ၁၉။ ဦးဖိုးကျား၊ ၂၀။ သိပ္ပံမောင်ဝ၊ ၂၁။ မင်းသုဝဏ်၊ ၂၂။ ဒေါက်တာမတင်ဝင်း၊ ၂၃။ အောင်သင်း၊ ၂၄။ နန္ဒာသိန်းဇံ၊ ၂၅။ ဦးဖေမောင်တင်၊ ၂၆။ ဒေါက်တာလှဘေ၊ ၂၇။ နတ်နွယ်၊ ၂၈။ ဦးရွှေအောင်၊ ၂၉။ မောင်ပေါ်ထွန်း၊ ၃၀။ မောင်မိုးသူ၊ ၃၁။ မောင်ထွန်းသူ၊ ၃၂။ မြတ်ငြိမ်း၊ ၃၃။ တင်မောင်မြင့်။

လူထုစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ ရပ်ကွက်ကျေးရွာဒေသအလိုက် စာကြည်တိုက်တွေအနေနှင့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်တိုးတက်ရေး စသည့်ဗဟုသုတမျိုးစုံနှင့် နှလုံးသားနူးညံ့စေမည့် စာအုပ်မျိုးကို ရွေးချယ်စုဆောင်းပေးသင့်ပါသည်။ အကြမ်းဖက်မှုကိုအားပေးသော၊ ဝါဒမှိုင်းတိုက်သော၊ ပါတီစွဲလွန်ကဲသောစာအုပ်စာစောင်မျိုးနှင့် အဆိပ်အတောက်စာပေမျိုး မထားသင့်ပါ။ အထူးသဖြင့် တရားဝင်ထုတ်ဝေခွင့်မရှိသော စာရွက်စာတမ်းမျိုးနှင့် ဥပဒေမလွတ်ကင်းသည့် စာအုပ်စာစောင်များကို မထားရှိရပါ။ ရာဇဝတ်ဘေးကို ဝေးဝေးရှောင်ရမည်။

အတိုချုံ့ရလျှင် အောက်ပါမူသဘောပြည့်စုံသော စာအုပ်ကောင်းမျိုးကိုသာ စာကြည့်တိုက်တွင် စုဆောင်းထားရှိပေးသင့်ပေသည်။

**ဖတ်လျှင် အမြင်ကျယ်**
**မှတ်လျှင် ပညာမြင့်**
**ကျင့်သော် အောင်မြင်**
**သင်သော် ထူးချွန်**
**ဘဝအတွက် စာကောင်းပေမွန်။**

စာပေမြင့်မှ လူမျိုးမြင့်လိမ့်မည်။

စာကောင်းပေကောင်းများက ငါတို့ဘဝတွေကို ကောင်းမွန်တိုးတက်အောင် စွမ်းဆောင်ပေးနိုင်သည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ယင်းမာပင် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၅၀၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၃၅၀၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၃၇၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၈၈၈ ဧက၊ ပုလဲမြို့နယ်တွင် ၂၃၇ ဧက စုစုပေါင်း ၃၅၀၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ဝါးခယ်မ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ဧက လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၁၀၉၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝါးခယ်မမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၁၀၅၅ ဧကထိ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၁၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကလဲ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေအပြင် အခြားလိုအပ်တာတွေကိုပါ ပေါင်းစပ် ဆောင်ရွက်ခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။



ဝါးခယ်မမြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းစေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရန် စသည့်လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ဝါးခြံကာကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသက်ထွေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝါးခြံကာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် ဝါးခြံကာကျေးရွာ၌ အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၄ ဒသမ ၂၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများမှ တာဝန်ယူ၍ ဇွန် ၂၃ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ချိုလေး**

# စလင်းမြို့နယ် အနောက်ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ကန်ဘောင်ကျေးရွာအုပ်စု အနောက်ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ဩဂုတ် ၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အနောက်ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှု၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အနောက်ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းစိုး**

# နမ့်စန်မြို့နယ် နောင်ခမ်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နမ့်စန် ဩဂုတ် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနောင်ကျေးရွာအုပ်စု နောင်ခမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်စန်မြို့နယ် နောင်ခမ်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးထံမှ သိရသည်။ **သံသာ**

# ထိုနေ့က ကားကျပ်သည်

မစန္ဒာ



**ယမန်နေ့မှအဆက်**

စိန်မျောက်မျောက်ကတော့–

"အဘွားရဲ့ ခန္ဓာကိုယ်ကြီးက နံတယ်" ဟု ထောမနာပြုတတ်လေသည်။ သူ့မြေး၏ စကားကို ကြားတော့ အဘွားကြီးက ရယ်ရင်း "ခန္ဓာကိုယ်နံတာက ရေချိုးလို့ ရပါတယ်မြေးရဲ့၊ တချို့လူတွေက စိတ်ခန္ဓာနံနေတာ။ အဲဒါက ရေချိုးလို့ မပျောက်ဘူး" ဟု ပြောသည်။ စိန်မျောက်မျောက်ကတော့ သူပြောသည်ကို နားလည်ပုံမရပေ။

"ရေချိုးလို့ ပျောက်တယ်ဆိုပေမဲ့ အဘွားက ငံပြာရည်တွေကို ခဏခဏပြန်ကိုင်တော့ ခဏခဏ ပြန်နံနေရော"

"အဲဒီတော့လဲ ခဏခဏရေချိုးမှာပေါ့ မျောက်ကလေးရဲ့၊ ငါ့မြေးရဲ့"

အဘိုးကြီးကတော့ သူ့မိန်းမ ပုံ့ပုံ့ဝဝကြီးကို ငေးကြည့်ရင်း "အင်း... ရေချိုးတယ်ဆိုတာက ရေရှိမှ ချိုးလို့ရတာလေ"ဟု ဖြည့်စွက်၍ တွေးမိလေသည်။

သူတို့လို အထပ်မြင့်နေ လူသားများအတွက် ရေပြဿနာက ခဏခဏတက်တတ်လေသည်။ အထူးသဖြင့် နွေရာသီတွင် ဖြစ်သည်။ ယခုလည်း နွေရောက်တော့မည်။

နွေရာသီရောက်လျှင် မီးပျက်တတ်သည်ကို သူတို့နားလည်ပြီးဖြစ်သည်မို့ စာဖွဲ့စရာမလိုပေ။ မပျက်ဘဲလာသောအခါများတွင် မီးအားမပြည့်သည်ကိုလည်း သည်းခံနိုင်ပါသည်။ ထိုမပြည့်သော မီးအားကို အကြောင်းပြုပြီး အဝီစိတွင်းထဲမှရေကို မြေကြီးပေါ်ရောက်အောင် ဆွဲမတင်နိုင်သော အခါတွင်ကား သူတို့ တစ်တိုက်လုံးဒုက္ခရောက်ရလေတော့သည်။ ကွန်ပရက်ဆာကြီးကလည်း အိုအိုဟောင်းဟောင်း၊ မီးအားကလည်း မပြည့်သော အခါ စက်ကြီးက တဂျုံးဂျုံးရုန်းနေသော်လည်း ရေတက်မလာဘဲ လေများသာ ထွက်နေသည်။ အနည်းအပါးတက်လာသော ရေကိုလည်း အောက်ထပ်အခန်းများက ဦးအောင် စုပ်ယူတတ်ကြသည်မို့ အပေါ်ဆုံးထပ်အတွက် အလှည့်မရောက်နိုင်အောင်ဖြစ်နေတတ်သည်။ ကိုယ့်ရေတင်စက်ကလည်း တစ်ခါပျက်ပြီးသားမို့ ကွိုင်ပြန်ပတ်ထားရတော့ အားမကောင်းလှသည်လည်း ဖြစ်နိုင်ပါသည်။

"အဝီစိတွင်းရေခန်းတာ ဖြစ်နိုင်တယ်တဲ့။ ရေပိုက်ကို ပေတစ်ရာလောက် ဆက်ပြီးချပေးရမယ်တဲ့။ ပိုက်ဆံတော့ ကုန်မှာပဲတဲ့"

"ကွန်ပရက်ဆာကြီးကိုလဲ လဲဖို့ကောင်းပြီတဲ့"

"ပိုက်ဆံ ကုန်မှာပဲလား"

"ကုန်တာတော့ ကုန်မှာပေါ့။ အခန်းတိုင်းက စုရမှာပေါ့"

"ပိုက်ဆံကိစ္စကြားတော့ မည်သူကမျှ မလှုပ်ကြတော့ချေ။

"စည်ပင်ရေက ည ၁၂ နာရီကျော်ရင် နည်းနည်းလာတယ်"

"ကျွန်မတို့က အဲဒီရေကို စောင့်ခပ်လို့ရတယ်"

"တွင်းရေခန်းတာကလဲ မိုးတွင်းကျရင် ပြန်ပြည့်လာမှာလေ၊ ခဏတော့ သည်းခံရမှာပေါ့"

သို့နှင့်ပင် ပိုက်ဆက်ချရန် အစီအစဉ်လည်း မဖြစ်၊ ကွန်ပရက်ဆာလည်း မလဲဖြစ်၊ မီးအားမြှင့်စက်လည်း မဝယ်ဖြစ်ဘဲ ရလာသမျှ ရေလေးကိုလှ၍ တင်ကြရင်း နွေလလယ်သို့ ရောက်လာသည်။ အဘိုးကြီးတို့အခန်းကတော့ ရေကလေး တစ်ပုံး၊ နှစ်ပုံးလောက်ရအောင် မနည်းစောင့်တင်နေရသည်မို့ သုံးရေပင် အနိုင်နိုင်ဖြစ်သည်။ ချိုးရေကို မစဉ်းစားနိုင်၊ သောက်ရေကတော့ ရေသန့်ဘူးတစ်ဘူးလျှင် ခုနစ်ရာဖြစ်သည်။ နာမည်ရှိသော တံဆိပ်ဆိုလျှင် ကိုးရာပေးရလေသည်။ တစ်ခါတလေ တစ်ထောင်ဖြစ်သွားတတ်သည်။

"ငါများ တတ်နိုင်ရင် အကုန်လုံးကို တစ်ယောက်တည်းအကုန်ခံပြီး လုပ်လိုက်ချင်တယ်"

အဘိုးကြီးက မကြာခဏ ပြောတတ်သည်။ တစ်ချီတည်း ခြောက်သိန်း၊ ခုနစ်သိန်းလောက် ကုန်မည့်ကိစ္စဆိုတော့ အဘိုးကြီးခမျာလည်း စိတ်သာရှိပြီး ငွေက မလိုက်နိုင်ပေ။

"ကိုယ့်မှာ တကယ်လို့ငွေရှိရင်တောင် အများအတွက် တစ်ယောက်တည်း အကုန်ခံရမယ်ဆိုရင်တော့ ရှင်းရှင်းပဲပြောမယ်၊ မသဒ္ဓါဘူးတော်"

အဘွားကြီးက ခပ်ရှင်းရှင်းပင် ပြောသည်။ နေ့တိုင်း ရေမချိုးရလျှင် မနေနိုင်သောအဘွားကြီးခမျာ ခြေကလေး၊ လက်ကလေးကိုပင် ချွေချွေတာတာ ဆေးနေရရှာသည်။ မျက်နှာသစ်ရေ၊ ဆန်ဆေးရည်၊ ခြေလက်ဆေးကြောသောရေ၊ အဝတ်လျှော်သော ဆပ်ပြာရည်၊ ရေမှန်သမျှကိုလည်း အလဟဿ မဖြစ်စေရ၊ သတိကြီးစွာထားပြီး ရေပုံးတစ်ပုံးနှင့် စုထားရသည်။ ထိုရေကတော့ အိမ်သာလောင်းရန် ဖြစ်ပေသည်။

"အရင်ဆုံးကတော့ မီးဒုက္ခပဲ။ မီးဒုက္ခကြောင့် ရေဒုက္ခဖြစ်ရတယ်။ ရေဒုက္ခနဲ့ ဆက်နွှယ်နေတာကတော့ အီးဒုက္ခပဲ"

အဘိုးကြီးက ပျင်းလျှင် ဝရန်တာထွက်ရပ်ပြီး လမ်းမပေါ်တွင် ပြည့်နေသောကားများကို ငုံ့ကြည့်နေတတ်သည်။ ထို့နောက် ရောက်တတ်ရာရာ တွေးနေတတ်လေသည်။

ထို"အီး"ဟူသည့်ပစ္စည်းက အနံ့အသက်ဆိုးရွားရသည့်အထဲ အိမ်သာခွက်ထဲ ရောက်ပြီးလျှင်လည်း သူ့အလိုလို အောက်သို့ကျသွားသည် မဟုတ်ချေ။ ကျဆင်းသွားအောင် ရေနိုင်နိုင်လောင်းရလေသည်။ လောင်းစရာ ရေများများ မရှိလျှင်တော့–

"နံပေတော့... မစဉ်းစားနဲ့... အဲ့ဟာဟာ... ရှူပေတော့၊ ကြေးမများနဲ့...အဲ့ဟာ...ဟ"

စိန်မျောက်မျောက်က သီချင်းလုပ်၍ ဆိုတတ်သည်။ သူက ကျောင်းသွားရသူဆိုတော့ သူ့ကိစ္စကိုသူ ကျောင်းမှာ ရှင်းနိုင်သည်။ ကျောင်းပိတ်နေလျှင်လည်း သူ့ပစ္စည်းကို သူ့ဗိုက်ထဲက မထုတ်သေးဘဲ မြေကြီးပေါ်သယ်ဆင်းသွားကာ ဈေးအိမ်သာမှာ ထားခဲ့၍ရသည်။ ဘိုတောက်ကလည်း ရှစ်နာရီလောက်မှ အိမ်ပြန်ရောက်သူဖြစ်၍ ကြုံလျှင်ကြုံသလို ရှင်းခဲ့နိုင်သည်။ အိမ်မှာ ရေရှားမှန်းသိတော့ တစ်ခါတစ်ရံလည်း သူငယ်ချင်းအိမ်တွင် ရေချိုးလာတတ်သည်။ ထမင်းချိုင့်လေးကိုပါ ဆေးလာတတ်သည်။

အခက်ကြီးခက်သည်ကား အဘိုးကြီးနှင့် အဘွားကြီးဖြစ်လေသည်။ သူတို့က ဆီးဝမ်းကို ထိန်းနိုင်ကြသူများမဟုတ်။ အကယ်၍ ထိန်းနိုင်လျှင်ပင် အီးအီးတစ်ပါအတွက် အောက်ဆုံးထိ မဆင်းနိုင်၊ လမ်းဖြတ်ပြီး ဈေးအိမ်သာသို့ ပြေးရလျှင် ပို၍ပင် ဆိုးချေတော့မည်။ ဒီတော့လည်း စိန်မျောက်မျောက် သီချင်းဆိုသလို–

"နံပေတော့၊ မစဉ်းစားနဲ့... အဲ့ဟာ...ဟ ရှူပေတော့၊ ကြေးမများနဲ့...အဲ့ဟာ...ဟ"

**စိန်မျောက်မျောက်**

စိန်မျောက်မျောက်၏ အသက်က ဆယ်နှစ်ကျော်ပြီဖြစ်သော်လည်း အဘွားက ထမင်းခွံ့ကျွေးနေတုန်း ဖြစ်လေသည်။ အဘွား၏ ကိုယ်က ငံပြာရည်စော်၊ ကြက်သွန်စော်နံသော်လည်း အဘွားနယ်ကျွေးသော ထမင်းကတော့ အလွန်စား၍ကောင်းလေသည်။ ထို့ကြောင့်လည်း စိန်မျောက်မျောက်က ထမင်းစားမည်ဆိုလေတိုင်း "အဘွားခွံ့ကျွေးနော်"ဟု ချွဲနွဲ့တတ်မြဲဖြစ်လေသည်။

အဘွား ကိုရီးယားကားကြည့်တော့ မျက်စိမှုန်သော အဘွားအတွက် စာတန်းထိုးသောမြန်မာစာများကို စိန်မျောက်မျောက်က ဖတ်ပြရသည်။ "ဂျမ်းမီတဲ့...နင့်ကိုတဲ့...၊ ငါ ဘယ်တော့မှ မခွဲတော့ဘူးတဲ့...၊ ဘယ်လိုအခက်အခဲရှိရှိတဲ့... လက်တွဲမဖြုတ်ဘူးတဲ့"

ထိုသို့သောစာဖတ်သံကို အဘွားက ကျေကျေနပ်နပ်နားထောင်လေသည်။ အဘွားကတော့ သူဘာလုပ်လုပ် ကျေနပ်နေသည်သာမို့ စိန်မျောက်မျောက်က အဘွားကို အလွန်ချစ်သည်။ ကျောင်းက ပေးလိုက်သော အိမ်စာများကိုကား အဘိုးနှင့်အတူ လုပ်ရသည်။ အဘိုးက အနေအထိုင်အေးသော်လည်း အဘွားလိုတော့ မချိုသာလှပေ။

"မျောက်ကလေး...မှန်မှန်ဖြေနော်၊ အဘိုးနဲ့ အဘွား ဘယ်သူ့ကို ပိုချစ်လဲ"

တစ်ခါတစ်ရံတော့ အဘွားက သိလျက်နှင့် မေးတတ်သည်။ ပက်လက်ကုလားထိုင်တွင် ထိုင်ပြီး ဂျာနယ်ဖတ်သလိုလိုနှင့် နားစွင့်နေတတ်သော အဘိုးအကြောင်းကို စိန်မျောက်မျောက် ကောင်းကောင်းသိသည်။ ထို့ကြောင့် အဘိုးကို မေးငေါ့ပြရင်း "အတူတူချစ်တာပေါ့ အဘွားရာ၊ သားမှာ ဒီအဘိုးနဲ့ အဘွားပဲ ရှိတဲ့ဟာ"ဟု ပြောကာ လက်ဝါးလေးကို မသိမသာခါပြတတ်သည်။ ခပ်ပြုံးပြုံးဖြစ်သွားသော အဘိုးမျက်နှာကို လှမ်း၍ကြည့်ရင်း သူတို့မြေးအဘွား ကျိတ်၍ ရယ်ကြရသည်။

ဒီနှစ်နွေမှာတော့ စိန်မျောက်မျောက်က အဘွားကိုခါတိုင်းထက် ပို၍သနားမိလေသည်။ နွေက ပို၍ပူကာ ရေကခါတိုင်းလောက် မရသောကြောင့် ဖြစ်လေသည်။ တစ်နေ့တစ်ခါ ရေမချိုးရလျှင် မနေနိုင်သော အဘွားခမျာ ချွေးတစိုစိုနှင့် ယပ်ခတ်နေရရှာလေသည်။

"ရေမချိုးရတာ ကိစ္စမရှိပါဘူး မျောက်ကလေးရယ်၊ အိမ်သာလောင်းစရာ ရေမရှိတာက ပိုခက်တယ်"

"အဖေက မှာထားတယ်၊ ရေသန့်နဲ့သာ လောင်းပစ်တဲ့"

"ဟယ်... သောက်ရေကို အိမ်သာလောင်းရင် ရေစောင့်နတ် စိတ်ဆိုးလိမ့်မယ်"

အဘွားက စိတ်မချမ်းသာစွာ ပြောသည်။ ရေစောင့်နတ်ဆိုတာ တကယ်ရှိ၊ မရှိတော့မသိ။ သောက်ရေသန့်ကို အိမ်ပေါ်ထမ်းတင်ပြီး အိမ်သာလောင်းရသည်မှာ မကောင်းကြောင်းကိုတော့ စိန်မျောက်မျောက် နားလည်ပါသည်။

"ဒီလိုလေ အဘွားရ၊ အဘွားရေချိုးရင် အဲဒီရေကို ခံထားပေါ့တဲ့၊ အဖေက ပြောတယ်။ နောက်ပြီး အဲဒီရေကို အိမ်သာလောင်းလိုက်ပေါ့တဲ့။ ဒါကြောင့် အိမ်သာမနံချင်ရင် အဘွားကို ရေများများ ချိုးခိုင်းပါတဲ့"

ဒီစကားကိုကြားတော့ အဘွားကြီးပြုံးစိစိဖြစ်သွားသည်။ သူလည်း ရေချိုးချင်နေသည်မှာ ကြာပါပြီ။

တိုက်ရှေ့သို့ တွန်းလှည်းနှင့် ရောက်လာတတ်သော ရေသန့်ဘူးများမှာ အမည်အမျိုးမျိုး၊ တံဆိပ်အမျိုးမျိုးနှင့် ဖြစ်လေသည်။ အထဲက ရေက သန့်လား၊ မသန့်လားတော့ မသိဘူး။ ဘူးတွေကြည့်လိုက်တော့ ပေပေရေရေတွေမို့ စိတ်ချချင်စရာတော့ သိပ်မရှိလှ။ ဘာရေတွေပဲဖြစ်ဖြစ် သူတို့ခမျာမှာလည်း လှေကားထစ်ပေါင်းများစွာကို ထမ်း၍တင်ရသည်မို့ အထစ်များလေ ဈေးများလေဖြစ်သည်။ အပေါ်ရောက်တော့မှ သောက်လိုကသောက်၊ သုံးလိုက သုံး၊ လောင်းချင်လျှင်လည်း လောင်းတော်မူ ... အဲ...အဲ... လောင်းတော်မူ။

ဆက်လက်ဖော်ပြပါမည်။

# ဗီယက်နမ်နိုင်ငံ လန်ဆန်စီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ဟန်နွိုင်း ဩဂုတ် ၃**

ဗီယက်နမ်နိုင်ငံ လန်ဆန်စီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဗီယက်နမ်နိုင်ငံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ များပြားနေသည့်အတွက်ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဗီယက်နမ်တပ်မတော်သားများက ပါဝင်ကူညီပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုသည် လန်ဆန်စီရင်စုအပြင် လောင်ကိုင်စီရင်စုတွင်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဗီယက်နမ်မြောက်ဘက်ပိုင်း ဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုကြောင့် လမ်းတွေပိတ်ဆို့နေပြီးတော့ လူနေအိမ်ခြေတချို့နဲ့အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပါတယ်။ အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူတွေကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဒေသခံလူနေအိမ်ခြေပေါင်း ၃၀ ကျော်ထိ ရှိနေပါတယ်"ဟု ဗီယက်နမ်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ကာဇက်စတန်နိုင်ငံတွင် မိုးသက်လေပြင်း ကျရောက်နိုင်သဖြင့် ရေဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**အက်စ်တာနာ ဩဂုတ် ၃**

ကာဇက်စတန်နိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း မိုးသက်လေပြင်း ထပ်မံကျရောက်နိုင်သဖြင့် ကာဇက်စတန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင် အဖွဲ့အစည်းက ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသက်လေပြင်းသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျရောက်ဖွယ်ရှိနေပြီး မြစ်ချောင်းများ၊ ကုန်းနိမ့်ပိုင်းဧရိယာများတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်ရဖွယ်ရှိနေသည့် နယ်မြေများမှာ အယ်လ်မက်တီနယ်မြေနှင့် အဘိုင်နယ်မြေတို့ဖြစ်ကြောင်း ကာဇက်စတန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ကာဇက်စတန်နိုင်ငံ အရှေ့ဘက်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းနေပြီးတော့ လာမဲ့ရက်ပိုင်းအတွင်းမှာ မိုးသက်လေပြင်းကျရောက်နိုင်ပါတယ်။ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနရဲ့ မိုးလေဝသ ခန့်မှန်းတိုင်းတာချက်အရ မိုးသက်လေပြင်း ကျရောက်ပြီး နယ်မြေတချို့မှာ ရေကြီးရေလျှံနိုင်ပါတယ်။ ကြိုတင်ကာကွယ်ရေးအစီစဉ်တွေ ဆောင်ရွက်နေပါတယ်"ဟု ကာဇက်စတန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဂရိနိုင်ငံတွင် တောမီးငြိမ်းသတ်ရေးဆောင်ရွက်နေသော မီးသတ်ရဟတ်ယာဉ်နှစ်စင်း တိုက်မိကာပျက်ကျမှုဖြစ်ပွား

**အေသင် ဩဂုတ် ၃**

ဂရိနိုင်ငံအနောက်ပိုင်း အက်တီကာဒေသ၌ ဖြစ်ပွားနေသော တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေစဉ် မီးသတ်ရဟတ်ယာဉ်နှစ်စင်းတိုက်မိကာ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း ဂရိအမျိုးသားရုပ်သံထုတ်လွှင့်ရေးဌာန (ERT) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တောမီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ရဟတ်ယာဉ်နှစ်စင်း တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်မိခဲ့သည့်ရဟတ်ယာဉ်နှစ်စင်းသည် ပဆာသာကမ်းရိုးတန်းဒေသအနီးသို့ ပျက်ကျခဲ့ကြောင်း သိရသည်။



လက်ရှိတွင် မီးသတ်တပ်ဖွဲ့၊ ကမ်းခြေစောင့်တပ်၊ အရေးပေါ်ကျန်းမာရေးအဖွဲ့များနှင့် အခြားကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရဟတ်ယာဉ်တစ်စင်း၏ လေယာဉ်မှူးမှာ မီးသတ်ဌာန၏ လုပ်ငန်း လည်ပတ်ရေးစင်တာနှင့် ဆက်သွယ်နိုင်ခဲ့ပြီး ၎င်း၏တွဲဖက်လေယာဉ်မှူး ဒဏ်ရာရရှိထားကြောင်း၊ ဒဏ်ရာရသူကို အမြန်ဆုံးကယ်ဆယ်၍ အရေးပေါ်ကုသမှုပေးနိုင်ရေး ဆောင်ရွက်နေကြောင်း၊ ဒုတိယရဟတ်ယာဉ်အပေါ် လိုက်ပါလာသည့် လေယာဉ်အမှုထမ်းများ၏ အခြေအနေကိုမူ အာဏာပိုင်များက ဆက်လက်စုံစမ်းနေဆဲဖြစ်ပြီး အသေးစိတ် အချက်အလက်များကို ချက်ချင်း ထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# တရုတ်နိုင်ငံ ဂန်စုပြည်နယ်တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် သေဆုံးသူ ၂၅ ဦးထိ မြင့်တက်လာ

**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ဂန်စုပြည်နယ်တွင် ဇူလိုင် ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေ ၂၅ ဦးထိ မြင့်တက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇူလိုင် ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ဂန်စုပြည်နယ်၌ ကနဦးက လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း ထုတ်ပြန်ခဲ့သော်လည်း နောက်ဆက်တွဲ ရှာဖွေကယ်ဆယ်ရေးနှင့် အတည်ပြု စစ်ဆေးမှုများအရ ယနေ့တွင် သေဆုံးသူဦးရေ ပိုမိုမြင့်တက်လာခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၃ ဦးရှိကြောင်း သိရသည်။

အာဏာပိုင်များက မိုးဆက်လက်ရွာသွန်းနေသဖြင့် ဂန်စုပြည်နယ် ဒင်းရှီမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် မြေပြိုမှု၊ တောင်ပြိုမှုနှင့် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း ဒေသခံများကို သတိပေးထားပြီး ဘေးအန္တရာယ်ရှိသည့် နေရာများမှ ဒေသခံများကို ထပ်မံရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ ရာသီဥတုစောင့်ကြည့်ရေးဌာနကလည်း အနောက်တောင်ပိုင်းမှ အရှေ့မြောက်ပိုင်းထိ ဒေသအများအပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးမုန်တိုင်းများ ဖြစ်ပွားနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည့်အပြင် ပေကျင်းမြို့နှင့် အတွင်းမွန်ဂိုလီးယားဒေသတို့တွင်လည်း ရာသီဥတုဆိုင်ရာ အဝါရောင်နှင့် လိမ္မော်ရောင် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် အနောက်ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်နေသည့် စူပါတိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင်သည် ဩဂုတ် ၅ ရက်မှ စတင်၍ တရုတ်နိုင်ငံ အရှေ့တောင်ဘက်ကမ်းရိုးတန်းဒေသများအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားပြီး ဒေသခံများအနေဖြင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် လေပြင်းအန္တရာယ်များကို အထူးသတိပြုကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဝါရှင်တန်ပြည်နယ်တွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အဆောက်အအုံ ၆၀၀ ကျော် မီးလောင်ပျက်စီးဆုံးရှုံး

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ဇူလိုင်လ နောက်ဆုံးပတ်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးသည် လူနေအိမ်ခြေများနှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက် လောင်ကျွမ်းခဲ့ပြီးနောက် အဆောက်အအုံပေါင်း ၆၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဝါရှင်တန်ပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ဝါရှင်တန်ပြည်နယ် အရှေ့ဘက်ပိုင်းတွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဒေသခံဦးရေ ၆၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံ ၆၀၀ ကျော်တွင်အခြေခံအဆောက်အအုံများအပြင် စီးပွားရေးအဆောက်အအုံများလည်း ပါဝင်ကြောင်း၊ တောမီးသည် စပိုကာနီဒေသအနီးတွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး သစ်တောမြေ ၁၀၀၀ စတုရန်းကီလိုမီတာထိ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဝါရှင်တန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"စပိုကာနီဒေသကနေ စတင်ခဲ့တဲ့ တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတွေဆီကို ကူးစက် လောင်ကျွမ်းခဲ့ပါတယ်။ လူနေအိမ်ခြေနဲ့ အခြေခံအဆောက်အအုံ ၆၀၀ ကျော် ပျက်စီးသွားခဲ့တယ်။ စီးပွားရေးအဆောက်အအုံတွေလည်းပါတယ်"ဟု ဝါရှင်တန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၉၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တန့်ဆည် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၉၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် စပါး ၉၃၃၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၉၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ စပါး ၉၃၃၅၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၉၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်" ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေး အတွက် ဒေသခံတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှား ကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်ဆီး ဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီ ရောက်ရှိရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဇီးကုန်းမြို့နယ် ဇရပ်လှကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဇီးကုန်း ဩဂုတ် ၃**


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇရပ်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ဇရပ်လှကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဇရပ်လှကျေးရွာ၌ လမ်းအရှည် ပေ ၂၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇွန်လ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကိုညီ

## စာပေမြင့်မှ လူမျိုးတင့်မည်









## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၅ လမ်း၊ ၇၁ x ၇၂ လမ်းကြားနေ ဦးမိုးဝင်း (ဘ) ဦးခင်မောင်တင့်(၉/ဝတန(နိုင်)၂၀၃၈၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-988825229

## ဝန်ထမ်းအလိုရှိသည်

- **အမျိုးသမီး (၁)ဦး**
- ထမင်းချက်၊ သန့်ရှင်းရေး
- နံနက် (၈)နာရီမှ မွန်းလွဲ (၂)နာရီထိ
- ၁ ရက်အလုပ်ဆင်းလျှင် (၁၇၀၀၀) တစ်သောင်းခုနစ်ထောင်ကျပ်
- Ph 09-444778696
- CV Form နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူဖြင့် လျှောက်ထားနိုင်သည်။

## ပျောက်ဆုံးကြောင်း

ဇန်းမော်မြို့၊ ဟန်းတဲရပ်ကွက်နေ ဦးဝင်းရှိန် (ဘ) ဦးခင်မောင်(၁၄/ပသရ(နိုင်)၀၂၄၀၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-400037431

## ပျောက်ဆုံးကြောင်း

မန်စီမြို့နယ်၊ ကောင်လွှင်ရွာနေ ဒေါ်ပြုံး (ဘ) ဦးစံဖေ(၁/မစန(နိုင်)၀၁၉၇၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-400037431

## ပျောက်ဆုံးကြောင်း

သီပေါမြို့၊ ပန်းတိမ်တောင်ရပ်နေ မောင်မျိုးမင်းဦး (ဘ) ဦးစိုင်းငင်း(၁၃/သပန(နိုင်)၀၅၉၁၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-407027100

**အဖိုးတန်ရေချိုကို ချွေတာပါ**

## ဦးမင်းရွှေ(၉/မနမ(နိုင်)၁၁၈၂၄၄)ကိုင်ဆောင်သူ၏ ၃၁-၇-၂၀၂၆ ရတနာပုံနေ့စဉ်သတင်းစာပါ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"အပေါ် ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ အမရပူရမြို့နယ်၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်းဘေး၊ ဟိုတယ်နတ်သားဥယျာဉ်တွင်နေထိုင်သူ ဦးစိုးနိုင် (ဘ) ဦးခင်မောင် (၅/စကန(နိုင်)၀၄၉၀၂၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်း၏ အများသိစေရန် ကြေညာခြင်းပါ စာသားများသည် လုံးဝမှန်ကန်မှုမရှိဘဲ အဖြစ်မှန်နှင့် လွဲမှားစွာဖော်ပြထားသော စာသားများဖြစ်၍ ကျွန်ုပ်မိတ်ဆွေမှ ကန့်ကွက်ပါသည်။

အမရပူရမြို့နယ်၊ လက်ပံဇင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၂၇)(လက်ပံဇင်ကွင်း)၊ ဦးပိုင်အမှတ်-၇၇၊ ဧရိယာ(၁.၀၀)ကေခန့်ရှိ ကိုင်းမြေ၏ မူလပိုင်ရှင်မှာ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာနေ ဦးပို၏သားဖြစ်သူ ဦးဘဖေ(AMA- ၁၄၈၃၀၈) ကိုင်ဆောင်သူမှ တရားဝင်လက်ရှိလက်ရောက်စိုက်ပျိုးလုပ်ကိုင်ခဲ့သော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေမှ (၂၉-၈-၂၀၁၁) နေ့က ကာလတန်ဖိုးငွေကျပ်သိန်း (၆၀)ဖြင့် အပြီးအပိုင်ဝယ်ယူပြီး ကျွန်ုပ်မိတ်ဆွေမှ လက်ရှိလက်ရောက်ရယူပြီး ပိုင်ဆိုင်မြေကွက်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေမှ ပြောပြ၍ သိရှိရပါသည်။

အဆိုပါမြေကွက်မှာ ဦးတင်ကြည် လုံးဝအမည်ပေါက်ပိုင်ဆိုင်မှုမရှိသော မြေကွက်ဖြစ်ပြီး ဦးတင်ကြည်ကွယ်လွန်ပြီးနောက် ဦးဝင်းသိန်းဆိုသူမှ အမည်ပေါက်ပိုင်ဆိုင်မှုမရှိကြောင်းနှင့် ယခုအခါ ကျွန်ုပ်မိတ်ဆွေဦးစိုးနိုင်တစ်ဦးတည်းကသာ လက်ရှိလက်ရောက်ရယူကာ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

လူကြီးမင်းအနေဖြင့် ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း ၃၁-၇-၂၀၂၆ ရက်စွဲပါ "အများသိစေရန်ကြေညာခြင်း"အား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လူကြီးမင်း၏သတင်းစာပါ အကြောင်းအရာများအား ကန့်ကွက်ပါသည်။

အကယ်၍ လူကြီးမင်းအနေဖြင့် လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေ ဦးစိုးနိုင်၏ဆန္ဒနှင့်အညီ လူကြီးမင်းအပေါ် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**

ဦးစိုးနိုင် (ဘ) ဦးခင်မောင်
၅/စကန(နိုင်)၀၄၉၀၂၇

**လွှဲအပ်ညွှန်ကြားချက်အရ**

ဦးအောင်ထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ
ယဉ်တော်စံပြကျေးရွာ၊ အမရပူရမြို့။
၀၉-၄၄၃၂၁၂၅၂၉

ဒေါ်ဝင်းဝင်းစိုး(LL.B)
တရားလွှတ်တော်ရှေ့နေ
အိုးတော်ရပ်ကွက်၊ အမရပူရမြို့။
၀၉-၂၅၉၂၂၃၅၇၂

ဒေါ်ဝင်းပပထွန်း(LL.B)
အထက်တန်းရှေ့နေ
စိန်ကုန်းရပ်ကွက်၊ စစ်ကိုင်းမြို့။
၀၉-၇၇၂၀၆၄၈၆၅

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဩဂုတ် ၃ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၃

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ပြိုင်ပွဲကောင်းတစ်ခု ဖြစ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲ၏ရည်ရွယ်ချက်နှင့် အနှစ်သာရများ မပျောက်ပျက်စေရန် တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားသည်။

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဒေါက်တာမောင်သင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖူဆယ်နှင့်သဲသောင်ပြင်ဆပ်ကော်မတီမှ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများနှင့်

စာမျက်နှာ ၂၁ ကော်လံ ၄ ❖



ဖူဆယ်အမျိုးသား အုပ်စုပတ်လည်ပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



# E-Sports ကမ္ဘာ့ဖလားပြိုင်ပွဲ MLBB ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် Yangon Galacticos (YG)အသင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်ထိ ကျင်းပခဲ့သည့် E-Sports ကမ္ဘာ့ဖလားပြိုင်ပွဲ MLBB သို့ မြန်မာနိုင်ငံကိုယ်စားပြုအသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယဆုရရှိခဲ့သည့် Yangon Galacticos(YG)အသင်းသည် ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကြီးတွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ မြန်မာ၊ စင်ကာပူ၊ ဆော်ဒီအာရေဗျ၊ ရုရှား၊ တူကီယဲ၊ တရုတ်၊ ပီရူး၊ အိန္ဒိယ၊ မွန်ဂိုလီးယား၊ ဘရာဇီး၊ ထိုင်း၊ လာအို၊ ဂျပန်၊ ဗီယက်နမ်ဟူသည့် နိုင်ငံ ၁၈ နိုင်ငံကိုယ်စားပြု အသင်း ၂၅ သင်း ယှဉ်ပြိုင်ခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၄ ❍

# ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့သူများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ မြန်မာ-ထိုင်းနယ်စပ်သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ❑

တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေသူများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင် ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။

